

မင်းမြှတ်သူရ
ပုလဲကောရီ

# ပုလဲဧကရီ

အက်မဒန်ကျွန်းတောင်ဘက်ရှိ ကုန်းမြင့်ပေါ်တွင် ရှိသော ဘုရားရှစ်ခိုးကျောင်းပေါ်သို့ ဝက်စလီ အမျိုးအစား အနက်ရောင် ကားကြီးတစ်စီး မောင်းနှင် တက်သွားသည်။

ဝက်စလီကားကြီး ဘုရားရှစ်ခိုးကျောင်းနံဘေးသို့ ရောက်သော အခါ ရပ်တန့်လိုက်ပြီး ကားပေါ်မှ မျက်နှာဖြူ လူကြီးတစ်ဦး ဆင်းလာ၏ ။

မျက်နှာဖြူလူကြီးသည် ဘုရားရှစ်ခိုးကျောင်း အနောက်ဘက် မြေကွက်လပ်သို့ ဝေ့ဝိုက်သော လမ်းလေးအတိုင်း လျှောက်လှမ်း သွားလေ၏ ။

ကျောင်း အနောက်ဘက်၌ ကျယ်ပြန့်သော မြက်ခင်း စိမ်းစိမ်းရှိပြီး ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသော ခုံတန်းလျား တစ်ခုလည်း ရှိ၏ ။

ထိုခုံတန်းလျား၏ အရှေ့ဘက်တွင် ဥရောပတိုက် ဝတ်စုံဝတ်ထားသော လူတစ်ဦးသည် ကျောခိုင်းရပ်နေပြီး အက်ဒမန်ကျွန်း၏ လှပသော ရှုခင်းများကို ငေးမော ကြည့်ရှုနေလေ၏ ။

တောင်ကုန်းပေါ်မှ ကြည့်လျှင် အက်ဒမန်ကျွန်း၏ ရှုခင်းများကိုသာမက အဆုံးအစမဲ့သော ပင်လယ်ပြင်ကြီးကိုပါ မြင်နိုင်၏ ။

ဥရောပဝတ်စုံဝတ်ထားသော လူသည် ကျောခိုင်းရပ်နေရာမှ အနောက်သို့ လှည့်မကြည့်ဘဲ

"ကျွန်းမင်းကြီး ရောက်လာပြီကိုး၊ ပင်လယ်ဓားပြကြီး ယိုးဒယားဗိုက်ရဲ့ ရတနာ ပုလဲဧကရီကို ယုံကြည်သွားပြီပေါ့"

ထိုအခါ ကျွန်းမင်းကြီးသည် ကျောက်ခုံတန်းလျားတွင် ဝင်ထိုက်လိုက်ပြီး

"ဟုတ်တယ်၊ ကျုပ်ယုံကြည်သွားပြီ၊ အစတုန်းကတော့ ယိုးဒယားဗိုက်ရဲ့ ပုလဲဧကရီကို ဒဏ္ဍာရီတစ်ပုဒ်လိုပဲ ထင်ခဲ့တယ်။ အခုတော့ ပုလဲဧကရီနဲ့ ပတ်သတ်တဲ့

အိမ်မက်တွေကို ကျုပ်နေ့စဉ်ဆက်တိုက် မက်နေခဲ့တယ်”

ဟု ပြောလေရာ ဥရောပဝတ်စုံ ဝတ်ထားသောသော သူသည် ကျွန်းမင်းကြီးဘက်သို့ ငဲ့စောင်းကြည့်၍

“ကျုပ်လည်း ပုလဲဧကရီနဲ့ ပတ်သတ်တဲ့ အိမ်မက်တွေကို မက်နေတာ ကြာပါပြီ၊ တကယ်တော့ ပုလဲဧကရီကို ကျုပ် တစ်ယောက်တည်း ပိုင်ချင်တယ်၊ ဒါပေမယ့် မဖြစ်နိုင်တဲ့ အတွက် အားမတန် မာန်လျှော့ပြီး ကျွန်းမင်းကြီးနဲ့ ပူးပေါင်းရတာ ပဲ”

ဟု ပြောလေ၏ ။

ကျွန်းမင်းကြီးသည် မိမိကို ငဲ့စောင်းပြောဆိုနေသော ဥရောပဝတ်စုံဝတ် လူကိုကြည့်၍ ထိုသူသည် အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိပြီး ဥပဓိရုပ်ကောင်းမွန်သော မြန်မာလူမျိုးတစ်ယောက် ဖြစ်ကြောင်း သတိပြုမိသည်။

ထိုသူ၏ အမည်ကို ကိုမင်းခေါင်ဟုသိရပြီး ကိုမင်းခေါင်သည် မိမိ၏ ကျွန်းမင်းကြီးရုံးသို့ အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းသော ဖိုင်တစ်ခု ပေးပို့လိုက်၏ ။

ထိုဖိုင်မှာ ပင်လယ်ဓားပြကြီး ယိုးဒယားဝိုက်၏ ရတနာသိုက်နှင့် ပတ်သတ်သော ဖိုင်ပင် ဖြစ်၏ ။

ထိုဖိုင်ကို ဖတ်ကြည့်ပြီး မယုံနိုင်လောက်အောင် အံ့ဩသွားမိ၏ ။ ဖိုင်ထဲတွင် ပါဝင်သော အကြောင်းအရာများကို ဒဏ္ဍာရီ တစ်ပုဒ်ဟု ယူဆကာ မေ့ထားဖို့ ကြိုးစား၏ ။

သို့သော် ဖိုင်ကို ဖတ်သည့်နေ့မှစ၍ ပုလဲဧကရီနှင့် ပတ်သတ်သော အိမ်မက်များကို နေ့စဉ်ဆက်တိုက် မက်၏ ။

သူသည် ယိုးဒယားဝိုက်၏ ရတနာဖြစ်သော ပုလဲဧကရီကို

မေ့လျော့ထားလို့ မရတော့။ နောက်ဆုံးတွင် ဒဏ္ဍာရီဆန်သော ကိုမင်းခေါင်ဆိုသူ၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်ရလေသည်။

ယခု ဘုရားကျောင်းကြီးတွင် တွေ့ဆုံရခြင်းမှာ ပုလဲဧကရီနှင့် ပတ်သတ်သော အကြောင်းပင် ဖြစ်၏ ။

ကျွန်းမင်းကြီးက ကိုမင်းခေါင်ဆိုသူကို ကြည့်၍

"ယိုးဒယားဗိုက်ရဲ့ ပုလဲဧကရီဟာ အစစ်ဆိုတာ သေချာရဲ့လား"

ဟု မေးမြန်းလေ၏ ။

ကိုမင်းခေါင်က ကျွန်းမင်းကြီး မျက်နှာကို စူးစိုက်ကြည့်ကာ

"သိပ်သေချာတာပေါ့ မင်းကြီး၊ တကယ်တော့ ကာလကတ္တားတက္ကသိုလ်က စာကြည့်တိုက်ထဲမှာ မွှေနှောက်ရှာဖွေရင်း ပုလဲဧကရီကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာ ပါ၊ ပုလဲဧကရီအကြောင်းကို သိရတဲ့ အချိန်ကစပြီး ကျုပ်ဟာ ပြုလက်စကျမ်းကို မပြုတော့ဘဲ တက္ကသိုလ်က တစ်ခါတည်း ထွက်ပြီး သဲလွန်စနောက်ကို လိုက်ခဲ့တာ (၁၂) နှစ်တိတိ ကြာခဲ့တယ်၊ အစပိုင်းတော့ ပုလဲဧကရီဟာ မြိတ်ကျွန်းစုထဲက ကျွန်းတစ်ကျွန်းမှာ ရှိနေမယ်လို့ ယုံကြည်ခဲ့တယ်၊ ဒါကြောင့် ကျွန်းပေါင်း (၈၀၀) ကျော်ရှိတဲ့ မြိတ်ကျွန်းစုထဲက ကျွန်းတွေမှာ ကျုပ်လှည့်ပတ်ပြီး ရှာဖွေခဲ့တာ နှစ်ပေါင်းများစွာ ကြာတယ်၊ အချိန်တွေ၊ ငွေတွေ၊ အများကြီး ကုန်ခဲ့တယ်၊ လူ့အသက်တွေလည်း စတေးခဲ့ရတယ်၊ ဒါပေမယ့် ပုလဲဧကရီနဲ့ ပတ်သတ်လို့ အရိပ်အယောင်ကိုတောင် မတွေ့ရဘူး၊ တစ်နေ့ ကျုပ် ကံကောင်းချင်တော့ မြိတ်မြို့က ပေါ်တူဂီ အရက်အိုးကြီး တစ်ယောက်ဆီက ယိုးဒယားဗိုက်ရဲ့ ကြေးပုရပိုက်ကို ရခဲ့တယ်။ ဒီတော့မှ ပုလဲဧကရီဟာ အက်ဒမင်ကျွန်းမှာ ရှိနေတယ်ဆိုတာ အံ့ဩဖွယ်သိခဲ့ရတယ်။ ပုလဲဧကရီ အက်ဒမင် ကျွန်းမှာ ရှိတယ်ဆိုတာသာ သေချာသိရတော့ ကျုပ်အတွက် အကျပ်ရိုက်သွားခဲ့တယ်၊ အက်ဒမင် ကျွန်းလို ဗြိတိသျှတွေ မြို့တည်ထားတဲ့ နေရာမှာ ကျုပ်တစ်ယောက်တည်း

စွမ်းအားနဲ့ ပုလဲဇေကရီကို ဘယ်လိုမှ မရယူနိုင်ဘူး၊ အဲဒါကြောင့် မတတ်သာဘဲ ကျွန်းမင်းကြီးနဲ့ ပူးပေါင်းလိုက်ရတာ ပဲ”

ဟု ရှည်လျားစွာ ရှင်းပြလေ၏။

ကျွန်မင်းကြီးက ကိုမင်းခေါင်ဆိုသူကို မကြည့်ဘဲ ပင်လယ်ပြင်ကို လှမ်းမျှော်ကြည့်ကာ

“ယိုးဒယားဗိုက်က ပုလဲဇေကရီကို ဘာကြောင့် အက်ဒမန်ကျွန်းက လူရိုင်းတွေဆီမှာ လာထားရတာ လဲ”

ဟု မေးမြန်းလိုက်လေ၏။

ကိုမင်းခေါင်က ကျွန်းမင်းကြီးနံဘေးရှိ ကျောက်သားခုံတန်းလျားတွင် ဝင်ထိုင်လိုက်ပြီး

“ယိုးဒယားဗိုက်ရဲ့ အကြောင်းကို ပြောရရင် မြိတ်မြို့ရဲ့ ရာဇဝင်ကို အရင်ပြောမှပြည့်စုံမယ်၊ (၁၃) ရာစုတန်းက မြိတ်မြို့ဟာ ယိုးဒယားပိုင်နယ် ဖြစ်ခဲ့တယ်၊ (၁၆) ရာစုလောက်မှာ မြိတ်ကို ပေါ်တူကီတွေ စရောက်လာတယ်၊ (၁၈) ရာစုမှာ မြန်မာမင်းတွေက မြိတ်ကို ယိုးဒယားလက်က ပြန်သိမ်းခဲ့တယ်၊ ယိုးဒယားဗိုက်ရဲ့ ဇာတ်လမ်းဟာ (၁၇)ရာစုမှာ ဖြစ်ခဲ့တယ်၊ မြိတ်ကို ယိုးဒယားတွေ သိမ်းထားတဲ့အချိန်မှာပေါ့၊ ယိုးဒယားဗိုက်ဟာ မြိတ်မြို့ရဲ့ ဆိပ်ကမ်း မင်းကြီးချုပ် ဖြစ်ခဲ့တယ်၊ ယိုးဒယားဗိုက်ဟာ အင်္ဂလန်နိုင်ငံ ဘရစ်စတိုး ကုန်သည်မျိုးရိုးက ဆင်းသက်လာသူပီပီ ငယ်စဉ်ကတည်းက စွန့်စွန့်စားစားသွားလာရတာ ဝါသနာထုံတယ်၊ အာရှတိုက်ရဲ့ ဒဏ္ဍာရီဆန်တဲ့ ထူးခြားဆန်းကြယ်မှုတွေကို လေ့လာချင်တယ်၊ ယိုးဒယားဗိုက်ဟာ အာရှတိုက်ကို ရောက်တဲ့အခါ ယိုးဒယားနန်းတွင်းရဲ့ ယုံကြည်စိတ်ချမှုကိုခံရပြီး မြိတ်မြို့ရဲ့ ဆိပ်ကမ်းမင်းကြီးချုပ် ဖြစ်ခဲ့တာပဲ ၊ယိုးဒယားဗိုက်ဟာ ဆိပ်ကမ်းမင်းကြီးချုပ်ဖြစ်တဲ့အခါ လောဘကိုသတ်လို့မရတော့ဘူး၊ တနင်္သာရီ ဒေသတစ်ခုလုံးရဲ့ အခွန်အတုပ်တွေကို

သူ့အိတ်ထဲထည့်ခဲ့တယ်၊ နောက်တော့ အခွန်အတုပ်တွေကို စားရုံနဲ့အားမရတော့ဘူး၊ ပင်လယ်ပြင်ထွက်ပြီးဓါးပြတိုက်တော့တာပဲ၊သူဟာ ရဲဝံ့ပြီးသတ္တိကောင်းတဲ့အတွက် ပင်လယ်ပြင်ခရီးသွားနေတဲ့ သင်္ဘောတွေဟာ ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ပြီး ဆက်ကြေးတွေပေးဆက်ရတယ်၊ ယိုးဒယားဝိုက်က ဆက်ကြေးမရတဲ့သင်္ဘောတွေကို ကိစ္စတုံးစီရင်ပြီး မီးရှို့ပစ်ခဲ့တယ်၊ အဲဒီ တုန်းက ယိုးဒယားဝိုက် ဟာ မြိတ်မြို့ဘုရင်ခံ ထက်တောင်တန်ခိုးထွားခဲ့တယ်၊ သူဟာ ပင်လယ်ဓါးပြတိုက်လို့ရတဲ့ ပစ္စည်း တွေကို စနစ်တကျ စုဆောင်းထားတဲ့အတွက် ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ဆိုပြီး လူသိများ ထင်ရှားလာခဲ့တယ်၊ အဲဒါကြောင့် အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီက ယိုးဒယားဝိုက်ကို စစ်ဆေးဖို့ ကြံစည်ခဲ့တယ်၊ ယိုးဒယားဝိုက်ဟာ အလွန်လည်ဝယ်သူတစ်ယောက်ဖြစ်တဲ့အတွက် သူရဲ့ရတနာသိုက်ကို လျှို့ဝှက်ပြီး သိမ်းဆည်းနိုင်ခဲ့တယ်၊ ဒါကြောင့်လည်း ရတနာသိုက်မှဆိုး တွေရဲ့ လောကမှာ ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ဟာ အလွန်လူသိများ ထင်ရှားခဲ့တာပဲ ”

ဟု ပြောလေ၏။ ကျွန်းမင်းကြီးသည် သူ၏ ဆေးတံကို မီးညှိလိုက်ရင်း

“ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ဟာ ဒဏ္ဍာရီဆန်လွန်းပါတယ်၊ အချို့သုတေသီတွေဆိုရင် သူရဲ့ ရတနာသိုက်ဟာ အမှန်တကယ်မရှိဘူးလို့တောင် ဆိုကြတယ်”

ဟု ပြောလေရာ ကိုမင်းခေါင်က ကျွန်းမင်းကြီးဘက်သို့လှည့်၍ တည်ကြည်သော အမူအရာဖြင့်

“ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်ဟာ အမှန်တကယ်ရှိကိုရှိတယ်၊ သူ့ရဲ့ရတနာသိုက်မရှိဘဲနဲ့ ပုလဲဇကေရီဆိုတာ ရှိကိုရှိမလာဘူး၊ ဘာကြောင့်လဲဆိုတော့ အက်ဒမန်ကျွန်းက လူရိုင်းတွေဆီမှာ ပုလဲဇကေရီရှိနေတာ ယိုးဒယားဝိုက်ရဲ့ ရတနာသိုက်နဲ့ ပတ်သက်နေလို့ပဲ၊ ယိုးဒယားဝိုက်ဟာ ပုလဲဇကေရီကို မြိတ်မြို့က ဒေသခံတိုင်းရင်းသားတွေဆီကတစ်ဆင့် မမျှော်လင့်ဘဲ ရရှိခဲ့တယ်၊

ယိုးဒယားဗိုက်ဟာ ပုလဲဧကရီကို မြင်မြင်ချင်း ကမ္ဘာပေါ်မှာ အကောင်းဆုံးပုလဲဆိုတာ သိခဲ့တယ်၊ သူဟာ ပုလဲဧကရီကို တရိုတသေ သိမ်းထားပြီး အင်္ဂလန်မှာ အကြီးကျယ်ဆုံး လေလံပွဲကြီး လုပ်ဖို့စီစဉ်ထားတယ်၊ ဒါပေမဲ့ အရှေ့အိန္ဒိယကုမ္ပဏီက သူ့ရဲ့ခနေဥစ္စာတွေကို သိမ်းဖို့ကြံစည်နေကြောင်း မြွေမြွေချင်း ခြေမြင်တဲ့ ယိုးဒယားဗိုက်က ရိပ်စားမိတယ်၊ ဒါကြောင့် ကပ္ပလီပင်လယ်ထဲက ကျွန်းတစ်ကျွန်းမှာ သူ့ရဲ့ရတနာသိုက်ကို လျှို့ဝှက်ပြီး မြှုပ်နှံခဲ့တယ်၊ သူဟာ ပုလဲဧကရီကိုလည်း ရတနာသိုက်ထဲမှာထည့်ပြီး မြှုပ်နှံခဲ့တယ်”

ဟု ပြောလေရာ ကျွန်းမင်းကြီးသည် ကိုမင်းခေါင်၏ စကားကို စိတ်ဝင်စားဟန်ဖြင့် လှမ်းကြည့်လိုက်လေ၏။

ကျွန်းမင်းကြီးက

“ပုလဲဧကရီဟာ ရတနာသိုက်ထဲမှာ ရှိနေတယ်ဆိုတော့ ပုလဲဧကရီကို တွေ့ရင် ယိုးဒယားဗိုက်ရဲ့ ရတနာသိုက်ကို တွေ့ရမှာပေါ့ ”

ဟု မေးမြန်းလေ၏။ ကိုမင်းခေါင်က သက်ပြင်းချ၍

“ယိုးဒယားဗိုက်ဟာ သူ့ရဲ့ရတနာသိုက်ကို လျှို့ဝှက်တဲ့ နေရာမှာ မြှုပ်နှံပြီးတော့ရတနာ သိုက်မြှုပ်နှံရာမှာ ခိုင်းစေခဲ့တဲ့ တိုင်းရင်းသားတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်၊ဒီလိုရက်စက်ကြားက ယိုးဒယားဗိုက်ရဲ့ လက်အောက်ငယ်သားတစ်ယောက်က ပုလဲဧကရီကို အဖိုးတန်မှန်းသိတဲ့အတွက် ရတနာသိုက်ထဲက ခိုးယူထားလိုက်တယ်၊ ယိုးဒယားဗိုက်ဟာ ဒီအကြောင်းကို မမျှော်လင့်ဘဲသိရတော့ ဒေါသူပုန်ထပြီး ပုလဲဧကရီကို ခိုးတဲ့သူကို ချက်ချင်းသတ်ပစ်ခဲ့တယ်၊ သူဟာ ပုလဲဧကရီကို ကံကောင်းထောက်မစွာနဲ့ ပြန်ရခဲ့ပေမဲ့ ရတနာသိုက်ထဲမှာ ပြန်ပြီး မြှုပ်နှံဖို့ကတော့ မဖြစ်နိုင်တော့ဘူး၊ ပုလဲဧကရီကို ကိုယ်နဲ့မကွာ ဆောင်ထားရမှာလည်း အန္တရာယ်များလွန်းတယ်၊ ဒီလိုနဲ့ ယိုးဒယားဗိုက်ဟာ ပုလဲဧကရီကို သိမ်းဆည်းဖို့ အခက်တွေ့နေတုန်း

ယိုးဒယားဗိုက်ရဲ့လူယုံ လူပုကလေးကတစ်ဆင့် အက်ဒမန်ကျွန်းမှာ ပုလဲဧကရီကိုထားဖို့ အကြံရသွားတာပဲ၊ ယိုးဒယားဗိုက်ရဲ့ လူယုံလူပုကလေး ဟာ အက်ဒမန်ကျွန်းက လူပုမျိုးနွယ်စုတွေကို ဩဇာအာဏာရှိတယ်၊ သူဟာ လူပုအကြီးအကဲရဲ့ ဆွေမျိုးစုဝင်တစ်ယောက်ပဲ၊ဒါကြောင့်ပုလဲဧကရီဟာ လူပုမျိုးနွယ်စုတွေလက်ထဲကို ရာစုနှစ်ပေါင်း များစွာ ရောက်ခဲ့ရတာ ပဲ၊ ဒီအကြောင်းတွေကို ရတနာသိုက်မှုဆိုးတွေ မသိကြဘူး၊ မြိတ်မြို့က ပေါ်တူကီအရက်အိုးကြီးရဲ့ ကြေးပုရပိုက်ထဲမှာ ပြည့်ပြည့်စုံစုံ ရေးမှတ်ထားတယ်”

ဟု ပြောလေ၏။ ကျွန်းမင်းကြီးက ကိုမင်းခေါင်၏ စကားကို စိတ်ဝင်စားစွာ နားထောင်၍

“ပုလဲဧကရီဟာ အက်ဒမန်ကျွန်းရဲ့ ဘယ်နေရာမှာရှိသလဲ”

ဟု မေးမြန်းပြန်၏။

ကိုမင်းခေါင်ဆိုသူသည် ကျွန်းမင်းကြီး၏ မေးခွန်းကို မဖြေသေးဘဲ မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။

ကျွန်းမင်းကြီးက ဆေးတံကို ဖွာရှိုက်ရင်း

“ကျုပ်ကို မယုံကြည်သေးဘူးနဲ့တူတယ်၊ ကျုပ်မှာ ပုလဲဧကရီနဲ့ ပတ်သက်လို့ လောဘစိတ်မရှိဘူး၊ ပုလဲဧကရီကိုရရင် အင်္ဂလန်ပြည့်ရှင်ဘုရင်မကြီးကို ဆက်သလိုက်မှာပါ”

ဟု ပြောလေရာ ကိုမင်းခေါင်သည် ကျွန်းမင်းကြီးကို သဘောကျဟန်ဖြင့် ကြည့်၍

“ကျွန်းမင်းကြီးရဲ့ စိတ်ဓာတ်ကို လေးစားသွားပြီ ၊ ကျုပ်လည်းအရင်တုန်းက ပုလဲဧကရီကို လောဘရမ္မက်ကြီးစွာနဲ့ အစွဲကြီးစွဲခဲ့တယ် ၊ ပုလဲဧကရီကို ပိုင်ဆိုင်ခွင့်ရရင် စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံချမ်းသာနိုင်တယ်၊ ဒါပေမဲ့

ကျုပ် တစ်သက်လုံး ပျော်ရွှင်နိုင်မှာ မဟုတ်တော့ဘူး၊ အခုတော့ ကျုပ်ဟာ ကမ္ဘာပေါ်မှာရှိတဲ့ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရတနာသိုက်တွေကို ရှာဖွေတဲ့အလုပ်ကို အရူးအမူးစွဲလမ်းနေပြီ ပျော်ရွှင်နေပြီ၊ ပုလဲဇေကရီကို မလိုချင်တော့ဘူး ”

ဟု ပြောလေ၏။ ထိုအခါ ကျွန်းမင်းကြီးက ကိုမင်းခေါင်ကို ကြည့်၍

“ဘုရင်မကြီးကို ပုလဲဇေကရီ ဆက်သလိုက်ရင် ရှေးဟောင်းသုတေသနလုပ်ငန်းနဲ့ ကမ္ဘာပေါ်မှာရှိတဲ့ ရတနာသိုက်ရှာဖွေရေးလုပ်ငန်းတွေမှာ အကြီးအမှူးအဖြစ် လုပ်ကိုင်ခွင့်ရလိမ့်မယ်”

ဟု ပြောလေ၏။

ကိုမင်းခေါင်က စိတ်ဝင်စားဟန်ဖြင့် ကြည့်၍

“ကျုပ်အလိုချင်ဆုံး အခွင့်အရေးပဲ ကျွန်းမင်းကြီး၊ ဒီအခွင့်အရေးကို လိုချင်လို့ဗြိတိသျှတွေနဲ့ ပူပေါင်းလိုက်တာပဲ၊ ပုလဲဇေကရီရဲ့တည်နေရာကို ကျုပ်ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ၊ တကယ်တော့ ပုလဲဇေကရီဟာ လူပုလေးတွေကိုးကွယ်တဲ့ နတ်ဘုရားရုပ်ရဲ့ ကျောက်ပလ္လင်အောက်မှာရှိနေတာ နှစ်ပေါင်းနှစ်ရာကျော်ပြီ၊ လူပုလေးတွေဟာ ရာစုနှစ်တွေချီပြီး ပုလဲဇေကရီကို စောင့်ရှာက်ခဲ့ကြတယ်”

ဟုပြောလေရာ ကျွန်းမင်းကြီးသည် စိတ်အားတတ်ကြွဟန်ဖြင့်

“လူပုလေးတွေကိုးကွယ်တဲ့ နတ်ဘုရားရုပ်ရှိတယ်ဆိုတာ ကျုပ်တို့ကြားဖူးတယ်၊ ဒါပေမယ့် နတ်ဘုရားရုပ်ဟာ တောနက်ထဲမှာရှိလို့ ဘယ်သူမှ နတ်ဘုရားရုပ်ကို မမြင်ဖူးဘူး၊ နတ်ဘုရားရုပ်ကို ရှာဖွေရင် အခက်အခဲတွေ့နိုင်မလား”

ဟုမေးမြန်းလေ၏ ကိုမင်းခေါင်က ကျွန်းမင်းကြီးအနီးသို့

လျှောက်လှမ်းလာပြီး

“အက်ဒမန်ကျွန်းက တောနက်ထဲကို ကျွမ်းကျင်တဲ့ လမ်းပြလူပုလေးတစ်ယောက်ကို ကျုပ် ရှာတွေ့ထားတယ်၊ သူဟာနတ်ဘုရားရုပ်ရှိတဲ့နေရာကို လမ်းပြပေးနိုင်ပါတယ်”

ဟုပြောလေ၏ ထိုအခါ ကျွန်းမင်းကြီးက စိတ်အားတက်ကြွသော အမူအရာဖြင့်

“ဒါဆိုရင် ကျုပ်တို့ဘာလို့အချိန်ကုန်ခံပြီး စောင့်နေမလဲ၊ ပုလဲဧကရီကို အမြန်ဆုံးသွားပြီး ရှာဖွေကြမယ်၊ ပုလဲဧကရီကိုတွေ့ဖို့ ကျုပ်သိပ်ပြီးစိတ်စောနေပြီ”

ဟုပြောလေ၏

ကျွန်းမင်းကြီး၏ စကားကြောင့် ကိုမင်းခေါင်က

“ကျွန်းမင်းကြီးရဲ့သဘောပါပဲ၊ ကျုပ်လည်း ပုလဲဧကရီအိပ်မက်တွေ မက်နေတာကြာပြီ၊ ပုလဲဧကရီကို အမြန်ဆုံးရှာဖွေချင်နေပြီ”

ဟုပြောလိုက်လေ၏

ထိုအခါ ကျွန်းမင်းကြီးက

“ကျုပ်တို့နောက်အပတ် တစ်ကြိမ်တွေ့ကြမယ်၊ တွေ့ပြီးနောက်တစ်နေ့မှပဲ အက်ဒမန်ကျွန်း ရဲ့တောနက်ထဲကို ဝင်ဖို့အသင့်ပြင်ထားပါ၊ လူပုလေးတွေနဲ့ တိုက်ပွဲဖြစ်မှာသေချာတယ်”

ဟုပြောလေရာ ကိုမင်းခေါင်က သဘောတူဟန်ဖြင့် ခေါင်းညိတ်လိုက်ပြီး

“လူပုလေးတွေဟာ ကျွန်းမင်းကြီးရဲ့ လုံခြုံရေးတပ်တွေ ချီတက်ပြီး တောထဲကိုဝင်လာရင် ရှောင်တိမ်းသွားပါလိမ့်မယ်၊ ကျွန်းလုံခြုံရေးတပ်ဖွဲ့ အင်အားများများသုံးဖို့ အဓိကအရေးကြီးပါ တယ်၊ လူပုလေးတွေဟာ သူတို့ကိုးကွယ်တဲ့ နတ်ဘုရားရုပ်ကို တန်ဖိုးထားပေမယ့် ပုလဲဧကရီကိုတော့

သူတို့နဲ့မသက်ဆိုင်တဲ့အတွက် အလေးအနက်သိပ်မထားဘူးလို့သိရတယ်”

ဟုပြောကာ ကိုမင်းခေါင်နှင့် ကျွန်းမင်းကြီးသည် လမ်းခွဲရန် ပြင်ကြလေ၏။

ကျွန်းမင်းကြီးသည် ဘုရားရှိခိုးကျောင်းအနီးတွင် ရပ်ထားသော သူ၏ ကားဆီသို့ပြန်သွား လေ၏။

ကိုမင်းခေါင်သည် ကျောင်းအရှေ့၌ ရှိသော မော်တော်ဆိုင်ကယ်ရှိရာသို့သွားပြီး စက်နှိုး လိုက်လေ၏။

ကျွန်းမင်းကြီး၏ ကားနှင့် ကိုမင်းခေါင်၏ ဆိုင်ကယ်သည် ဘုရားရှိခိုးကျောင်းမှ မရှေးမနှောင်း ထွက်သွားကြလေ၏။

ထိုအချိုပင် ဘုရားရှိခိုးကျောင်းအနောက်ရှိ ပစ္စည်းအဟောင်းများစုပုံထားသော စတိုခန်း လေးအတွင်း လူတစ်ဦးထွက်လာလေ၏။

ထိုသူသည်ကျွန်း၌ အပ်ကျတာကအစသိအောင် ကြိုးစားပြီး သတင်းရောင်းစားနေသော လျှပ်တပြတ်ဆိုသူဖြစ်၏။

လျှပ်တပြတ်သည် အိပ်ရေးဂဂအိပ်လိုသောအခါ ဘုရားရှိခိုးကျောင်းအနောက်၌ လာရောက်အိပ်စက်လေ့ရှိ၏။

လျှပ်တပြတ်သည် သတင်းရောင်းစားသူပီပီ ငှင်း၌ အသိအကျွမ်းများ အလွန်ပေါများ၏

ထိုကြောင့် ငှင်းရောက်လေရာ၌ လိုက်လံနှောက်ယှက်သူများ ရှိသဖြင့် ယခုကဲ့သို့ လူမသိ သူမသိ ဘုရားရှိခိုးကျောင်း၌ လာရောက်အိပ်စက်ခြင်းဖြစ်၏။

ယနေ့ဘုရားရှိခိုးကျောင်း၌ လာရောက်အိပ်စက်ခြင်းသည် သူ့ဘဂအတွက် အလွန်အဖိုးတန်သော အိပ်စက်ခြင်းဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် အက်ဒမန်ကျွန်း၌ တန်ခိုးအာဏာအကြီးဆုံး ကျွန်းမင်းကြီးကို အနီး ကပ်မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရသည့်အပြင် ပင်လယ်ဓားပြကြီး ယိုးဒယားဝိုက်၏ ရတနာသိုက် သဲလွန်စကိုလည်း မမျှော်လင့်ဘဲ သိလိုက်ရလေ၏ ။

လျှပ်တပြတ်သည် ယနေ့မိမိလောက်ကံကောင်းသူ အက်ဒမန်ကျွန်း၌ မရှိဟုတွေးမိ၏

ကျွန်းမင်းကြီး၏ လျှို့ဝှက်တွေဆုံပြီး ယိုးဒယားဝိုက် ရတနာသိုက်အကြောင်းကို ပြောပြသူ မှာအလွန်အံ့ဩဖွယ်ကောင်း လွန်းလှ၏ ။

ထိုသူသည် မည်သူနည်း။ အဘယ်ကြောင့် ဤမျှပိရိ သေသပ်စွာ ကျွန်းမင်းကြီးနှင့် ချိန်းဆို တွေ့ဆုံနိုင်သနည်း။

ထိုသူ၏ ပြောပုံဆိုပုံများသည် အလွန်စနစ်ကျပြီး ပိရိသေသပ်လွန်းလှ၏ ။ ထိုသူ၏ ပြောစကားအရ သူသည် ရှေးဟောင်းသုတေသန ပညာရှင်ဟုသိရ၏ ။

လျှပ်တပြတ်၏ စိတ်ထဲတွင် ထိုသူကို ရှေးဟောင်းသုတေသန ပညာရှင်ဟု ယုံကြည်ခြင်း မရှိချေ။

ထိုသူသည် အလွန်လျှို့ဝှက်ပြီး ကြောက်စရာကောင်းသူ တစ်ယောက်ဟု ခံစားနေမိ၏

လျှပ်တပြတ်သည် မိမိမမျှော်လင့်ဘဲ ရလိုက်သောသတင်းသည် အဖိုးတန်လွန်းသဖြင့် မည်သူ့ကို ရောင်းရမှန်းမသိ ဖြစ်နေလေ၏ ဤမျှအဖိုးထိုက်တန်သော သတင်းကို မည်မျှဈေးသတ် မှတ်ရမည်နည်း။

မိမိသတ်မှတ်သောဈေးကို မည်သူဝယ်နိုင်မည်နည်း။

အက်ဒမန်ကျွန်း၌ သူ၏ ဂုဏ်သိက္ခာကို ယုံကြည်သူများရှိသော်လည်း သူသတ်မှတ်သော ဈေးကို ပေးနိုင်ပါမည်လော။

ထို့ပြင် ယိုးဒယားဗိုက်၏ ပုလဲဇကရီအကြောင်းသည် ကျွန်းမင်းကြီးနှင့် တိုက်ရိုက်ပတ်သက် နေသဖြင့် မိမိ၌ အန္တရာယ်ရှိနိုင်သည်ဟုလည်း တွေးမိ၏ ။

ထိုသတင်းကို လူရမ်းကားများလက်သို့ ရောင်းလို့မဖြစ်။ သိုသိုသိပ်သိပ် လုပ်ကိုင်နိုင်ပြီး ငွေရေးကြေးရေးလည်း အဆင်ပြေသူကို ရောင်းရပေမည်။

ထိုသူသည် မည်သူဖြစ်သနည်း။ လျှပ်တပြက်သည် မျက်လုံးများမှေးစင်း၍ စဉ်းစားလိုက်ပြီး သူ၏ အာရုံအတွင်းသို့ လူတစ်ဦးဝင်ရောက်လာ၏ ။

မောင်လှိုင်

မောင်လှိုင်သည် အက်ဒမန်ကျွန်း၌ ပျော်ပွဲစားရုံကြီးတစ်ရုံကို ပိုင်ဆိုင်၏ ။

သူသည်နာမည်နှင့်လိုက်အောင် ဟိုနေရာစပ်စပ် သည်နေရာစပ်စပ်ပါတတ်၏

အက်ဒမန်ကျွန်မှာ အပ်ကျတာကအစ သူမသိတာမရှိ။

"အက်ဒမန်ကျွန်းမှာ ကျွန်းမင်းကြီးရဲ့ အတွင်းခံဘောင်းဘီ ဘယ်နှစ်ထည်ရှိတယ်ဆိုတာ တောင်ကျုပ်သိတယ်"

ဟုဂုဏ်ယူပြီး ပြောလေ့ရှိ၏ ။

သူ့မှာစည်းစိမ်ချမ်းသာ မည်မျှရှိသနည်းဟု မည်သူမျှအတိအကျမသိ။

အချို့က အက်ဒမန်ကျွန်းပေါ်ရှိ အချမ်းသာဆုံး သူကြွယ်ကြီးငါးယောက်တွင် သူပါသည်ဟု ဆိုကြ၏ ။

မောင်လှိုင်သည်ဟိတ်ဟန်မရှိ။ သူ့ကိုကြည့်လိုက်လျှင် တရုတ်ဘောင်းဘီပွကြီးနှင့် ဖျင်ကြမ်းအင်္ကျီကိုသာ ဝတ်ဆင်၏ ။ သူကြွယ်နှင့်မတူ။

သူ၏ မျက်နှာသည် အစဉ်သဖြင့် ပြုံးချိုနေပြီး စကားပြောအလွန်ကောင်းမွန်၏ ။

ဟိုနေရာစပ်စပ် သည်နေရာစပ်စပ် လုပ်တတ်၍ ဗဟုသုတလည်း အလွန်စုံ၏ ။ စကားပြောလျှင် ပုံတိုပတ်စများရော၍ တစ်ဖက်သားကျေလောက်အောင် ပြောတတ်၏ ။

သူ့ကိုအမြင်မကြည်သူများကမူ မောင်လှိုင်သည်ကြမ်းပိုးကို လိပ်ဖြစ်အောင်ပြောတတ်သူဟု ချီးကျူးထောပနာပြု၏ ။

မောင်လှိုင်သည် အာဂဗ္ဗန်းကောင်းသူ ဖြစ်သဖြင့် အက်ဒမန်ကွန်း၌ နေရာတကာ သူမပါလျှင်မပြီး။ မိတ်ဆွေအပေါင်းအသင်းများ မိန်းမတောင်းလျှင် မောင်လှိုင်ရှေ့ဆုံးကပါ၏ ။

အလှူအတန်းပြုလုပ်လျှင်လည်း သူပါ၏ ။ အမှုအခင်းဖြစ်လျှင်လည်း မောင်လှိုင်ကိုသာ အားကိုးကြ၏ ။ မောင်လှိုင်မှာ မိတ်ဆွေအပေါင်းအသင်း အလွန်ပေါ၏ ။

ထိုသို့လူချစ်လူခင် ပေါများခြင်းက သူ၏ စီးပွားရေးလုပ်ငန်းကို အောင်မြင်သည်ထက် အောင်မြင်အောင် အထောက်အကူပြု၏ ။

ဤမျှလူချစ်လူခင်ပေါများပြီး သူတစ်ပါးဒုက္ခနှင့်ကြုံလျှင် ကူညီတတ်သော မောင်လှိုင်အား လူရုပ်မောင်လှိုင်ဆိုသည် အလွန်ဆိုးရွားသော အမည်နာမကြီးကို မည်သူကင်ပွန်းတပ်သနည်း။

ထိုဘွဲ့ထူးကြီးအား သူနှင့်အပြိုင် စီးပွားရေးသမားများက တက်တခေါက်ခေါက် အံတကြိတ် ကြိတ်ဖြင့် ပေးအပ်ထားခြင်းဖြစ်၏ ။

မောင်လှိုင်သည် ပိုက်ဆံရမည့်အလုပ်ဆိုလျှင် နယ်မရွေး။ နေရာမရွေး အချိန်မတိုင်း ဝင်ရှုပ်တတ်၏ ။

သူဝင်ရှုပ်ပြီး များမကြာမီ ထိုစီးပွားရေးနယ်ပယ်၌ ကသောင်းကနင်းလည်းဖြစ်ပြီး ကျန်ရစ် ခဲ့၏။

ထိုအခါမျိုးရောက်မှ မောင်လှိုင်သည် ကမန်းကတန်း ပြန်ထွက်သွားလေ၏။

သူဝင်ရှုပ်သော စီးပွားရေးနယ်ပယ်မှ လူများသည် သူ့ကြောင့် ဒုက္ခအမျိုးမျိုး ကြုံတွေ့သွား တတ်၏။

အချို့သော စီးပွားရေးသမားများက

“အက်ဒမန်ကျွန်းမှာ မောင်လှိုင်ရှိနေသ၍ ငါတို့အလုပ်ကောင်းကောင်း လုပ်လို့ရမှာမဟုတ် ဘူး၊ ဒီကောင်ကိုရှင်းပစ်မှဖြစ်မယ်”

ဟု ကြုံးဝါးကြ၏။

မောင်လှိုင်သည် ဤမျှလူချစ်လူခင် ပေါများ၏။

မောင်လှိုင်၌ ထူးခြားသော အကျင့်တစ်ခုရှိ၏။ ထိုအကျင့်မှာ တစ်လလျှင်တစ်ကြိမ်ခန့် ရုပ် ဖျက်ပြီးကျွန်းအနှံ့ လျှောက်သွားခြင်းဖြစ်၏။

ထိုသို့သွားလာသည့် အခါတိုင်း သူ၏ လက်ရုံး ပေါက်စပါ၏။

မောင်လှိုင်နှင့်ပေါက်စသည် ဆင်းရဲသားများအသွင် မျက်နှာကို တဘက်ကြီးများအုပ်၍ ကျွန်းအနှံ့ လျှောက်သွားလေ၏။ ထိုသို့သွားလာရင်း ကျွန်းပေါ်ရှိ ထူးခြားသော သတင်းများကို စနည်းနာ၏။

မောင်လှိုင်သည် ကျွန်းပေါ်၌ ကြေးရတက်စီးပွားရေး လုပ်ငန်းရှင်ကြီးဖြစ်သဖြင့် ဆင်းရဲသား နင်းပြား ပုလဲငုတ်သမား၊ သစ်ခုတ်သမား အစရှိသည်များကို သွားရောက်တွေ့ဆုံရန် မလွယ်ချေ။

ထိုသို့ရုပ်ဖျက်သွားသောအခါ ၄င်းတို့သည် ဆင်းရဲသားနင်းပြားများနှင့် တစ်သားတည်း ဖြစ်သွားလေ၏။ ကျွန်းပေါ်ရှိ ဆင်းရဲသားများ၏ ဘုံဆိုင်များ၊

ဘိန်းခန်းများ၊ ဇိမ်ခန်းများသို့လည်း ဝင်ထွက်သွားလေ၏ ။

မောင်လှိုင်သည် ထိုသို့ရုပ်ဖျက်သွားလာခြင်းကို အလွန်ပျော်ရွှင်၏ ။

ထိုသို့သွားလာခြင်းသည် ၄င်း၏ စီးပွားရေး အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်တစ်ခုလည်း ဖြစ်၏ ။

မောင်လှိုင်နှင့်ပေါက်စသည် ကျွန်းအနှံ့သွားလာပြီး မောပန်းသည့်အခါ အစားမက်သူနှစ်ဦး ပီပီဈေးကြီးသော ဆိုင်ကြီးများသို့ ဝင်ရောက်သွားသောက်တတ်၏ ။

တစ်နေ့တွင် တရုတ်စားသောက်ဆိုင်ကြီး တစ်ဆိုင်သို့ဝင်၍ ကုန်းဘောင်ကြီးကြော်၊တောက် တောက်ကြော်၊ ဆယ့်နှစ်မျိုးဟင်းချို စသည့်စားသောက်ဖွယ်ရာများကို မှလိုက်၏ ။

မကြာမီ အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာများကို ရောက်ရှိလာသဖြင့် ခေါင်းမဖော်တန်း စားသောက်ကြလေ၏ ။

စာပွဲထိုးများသည်စုတ်ခြာသော အဝတ်အစား ဝတ်ဆင်ထားသော သူတို့နှစ်ယောက်အား အထင်သေးဟန်ဖြင့် မလှမ်းမကမ်းမှ စောင့်ကြည့်နေကြ၏ ။

ပေါက်စသည် အရိုးပါမကျန်အောင် ဝါးစားပြီးနောက် စားပွဲထိုးများဘက်သို့ လက်ဝှေ့ယမ်း၍ ...

“ပိုက်ဆံရှင်းမယ်ဟေ့“

ဟု အော်ဟစ်လိုက်လေ၏ ။

ပေါက်စသည် စားပွဲထိုးထံမှ ကျသင့်ငွေစာရင်းကို ကြည့်၍ ငွေရှင်းရန် ပိုက်ဆံအိတ်ကြီးကို ဟန်ပါပါ ဖွင့်လိုက်၏ ။

ထိုအခိုက်မှာပင် မောင်လှိုင်က ကျသင့်ငွေစာရင်းကို ဆတ်ခနဲဆွဲယူ၍ ကြည့်ကာ မျက်မှောင် ကြုတ်လိုက်ပြီး

“ဘယ်လို ဖြစ်တာလဲဟ .... မင်းတို့ ဆိုင်က ဈေးကြီးလှချည်လား”

ဟု မေးမြန်းလိုက်ရာ စားပွဲထိုးများသည် စုတ်ချာသော အဝတ်အစားများကို ဝတ်ဆင်ထားသူများအား အထင်သေးဟန်ဖြင့်

“ခင်ဗျားတို့ ဆိုင်ကြီးဆိုင်ကောင်းတွေမှာ မစားဖူးဘူးလား၊ ကျွန်းပေါ်မှာ ဆိုင်ကြီးဆိုင်ကောင်းတွေက ဈေးကြီးတာ မသိဘူးလား၊ ခင်ဗျားတို့အဆင့်နဲ့ဒီလိုဆိုင်မျိုးမှာ လာစားဖို့ မသင့်ဘူးဆိုတာ ကျုပ်တို့ စောစောကတည်းက သိတယ်၊ ဘာလဲ ... ခင်ဗျားတို့ မဟားတရားစားပြီး ရှင်းစရာငွေ မရှိတော့ဘူးနဲ့တူတယ်”

ဟု ပြောလိုက်ရာ ကျွန်းပေါ်၌ အကြီးဆုံး စားသောက်ဆိုင်ကြီးကို ပိုင်ဆိုင်ထားတာ မောင်လှိုင်သည် စားပွဲထိုး၏ စကားကြောင့် ရယ်ချင်သွားလေ၏

သို့သော် သူ၏ ညာလက်ရုံး ပေါက်စမှာမူ စားပွဲထိုး၏ အထင်သေးသောစကားကြောင့် ဒေါသကို မထိန်းနိုင်တော့ဘဲ စားပွဲခုံကို လက်သီးဖြင့် ထုကာ

“ဟေ့ကောင်တွေ မင်းတို့က ငါတို့ကို အထင်သေးတာလား၊ ငါတို့မှာရှိတဲ့ ငွေနဲ့ဆိုရင် မင်းတို့ဆိုင်မျိုး ဆယ်ဆိုင်လောက်တစ်ပြိုင်တည်း ဝယ်လို့ရတယ်”

ဟု အော်ဟစ် ပြောဆိုလိုက်ရာ စားပွဲထိုးများသည် ပေါက်စ၏ အမူအရာကြောင့် တဝါးဝါး တဟားဟား ရယ်မောကြလေ၏။

ထိုအခါ ပေါက်စက ပိုမို၍ ဒေါသထွက်သွားပြီး ....

“ဟေ့ကောင်တွေ ... ငါတို့ကို လှောင်မနေနဲ့၊ မင်းတို့ဆိုင်ရဲ့ မန်နေဂျာမောင်ပုကို ခေါ်လိုက်စမ်း”

ဟု အမိန့်ပေးလိုက်ရာ စားပွဲထိုးတစ်ဦးက ရယ်မော၍

“ခင်ဗျားတို့ စားသောက်ထားတာ မရှင်းနိုင်လို့ မန်နေဂျာကိုခေါ်ပြီး

တောင်းပန်မလို့ မဟုတ်လား၊ ရတယ်၊ ခေါ်ပေးမယ်၊ ဒီကိစ္စက ကျုပ်တို့နဲ့လည်း မပြီးဘူး”

ဟု ပြောကာ ရယ်မောပြီး မန်နေဂျာကို သွားရောက် ခေါ်ယူလေ၏။

မကြာမီ မန်နေဂျာမောင်ပုဆိုသူ ရောက်ရှိလာသောအခါ ပေါက်စက မန်နေဂျာရှိရာသို့ လျှောက်လှမ်းသွားပြီး ခေါင်းပေါင်းကို အသာလှပ်၍

“ဟေ့ကောင် … ငါ ဘယ်သူလဲဆိုတာ မင်း သေသေချာချာ ကြည့်စမ်း၊ မင်းတို့ ဆိုင်က စားပွဲထိုးတွေက စုတ်ချာတဲ့ အဝတ်အစားတွေ ဝတ်ဆင်ထားတဲ့ ငါတို့နှစ်ယောက်ကို လှောင်ပြောင်နေတယ်၊ ငါနဲ့ပါလာတဲ့သူက မောင်လှိုင်ဗျ၊ နယ်နယ်ရရ မဟုတ်ဘူး”

ဟုပြောလိုက်ရာ မန်နေဂျာ မောင်ပုက ပေါက်စ၏ မျက်နှာကို သေသေချာချာ ကြည့်၍ ငယ်ထိပ်မြွေပေါက်သလို ဖြစ်သွားပြီး လေသံတုန်တုန်ယင်ယင်ဖြင့်

“ခင်ဗျားတို့ ဘာကြောင့် ဒီလို …”

ဟု ရေရွတ်နေစဉ် ပေါက်စက မောင်ပု၏ ပါးစပ်ကို လက်ဖြင့်ပိတ်၍

“မင်း သိရင် ငြိမ်ငြိမ်နေစမ်း၊ ငါတို့ကို လှောင်ပြောင်သရော်နေတဲ့ မင်းတပည့်တွေကို ဆုံးမ လိုက်၊ ငါတို့က အကြောင်းရှိလို့ ဒီလိုနေတာကွ”

ဟု ခပ်တည်တည် ဖြီးလိုက်လေ၏။

မန်နေဂျာ မောင်ပုသည် စားပွဲထိုးများကို ဒေါသတကြီး ကြိမ်းမောင်း၍ မောင်လှိုင်ကိုလည်း စိတ်မဆိုးရန် အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်လေ၏။

မောင်လှိုင်က အရေးမကြီးဟန်ဖြင့် လက်ကာပြ၍

“မင်းတို့ ဆိုင်က ဈေးကြီးလှချည်လား၊ ငါတို့ဆိုင်တောင် ဒီလောက်ဈေးမကြီးဘူး”

ဟု ပြောလိုက်ရာမန်နေဂျာ မောင်ပုက မျက်နှာရှုံ့မဲ့၍

"ဈေးကြီးတာလည်းမပြောနဲ့ ဆရာ၊ အကုသိုလ်ကောင်ရဲ့ လက်ထက်ရောက်တော့မှ ကျုပ်တို့ ကျွန်းသူကျွန်းသားတွေ သူတို့ပြုသမျှ နုနေရတာပဲ၊ ဒီကောင် အတော်လောဘကြီးတဲ့ကောင်၊ သေရင် ငရဲကျမယ်"

ဟု ပြောလေ၏။ မောင်လှိုင်သည် မန်နေဂျာ ပြောသော အကုသိုလ်ကောင်ဆိုသူမှာ အရပ်ကလန်ကလားနှင့် ရွှေကိုင်းမျက်မှန်ကို ဟန်ပါပါတပ်လေ့ရှိသော လန်ဘားမျိုးမြင့်ဖြစ်မှန်း သိလိုက်၏။

မောင်လှိုင်က တက်ခေါက်၍

"ဒီကောင်တွေ ကျွန်းပေါ်က သားငါးဈေးကွက်ကို လက်ဝါးကြီးအုပ်ပြီး ခြေရှုပ်နေတာကြာပြီ၊ သူတို့ကို ပညာပေးဖို့ သင့်နေပြီ"

ဟု ကြုံးဝါးလေရာ ပေါက်စက မျက်မှောင်ကြုတ်၍

"ဘယ်လို ပညာပေးမှာလဲဗျ၊ ကျုပ်လည်း အရပ်ကလန်ကလားနဲ့ လန်ဘားမျိုးမြင့်ကို ကြည့်မရတာ ကြာပြီ၊ ရွှေကိုင်းမျက်မှန် တလက်လက်နဲ့ ကျွန်းပေါ်က မိန်းမချော မိန်းမလှမှန်ရင် သူနှောက်မပိုးတာ တစ်ယောက်မှ မရှိဘူး"

ဟု မကျေမခမ်း ပြောလိုက်လေ၏။

ပေါက်စသည် ကျွန်းပေါ်၌ မိန်းမနှောက်ပိုးရာတွင် ပြိုင်စံရှား ဖြစ်သဖြင့် သူ၏ ပြိုင်ဘက် လန်ဘားမျိုးမြင့်ကို အလိုလိုနေရင်း မျက်မုန်းကျိုးနေသူ ဖြစ်၏။

မောင်လှိုင်က တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

"ကျွန်းပေါ်မှာ သားငါးတွေ ဈေးကြီးနေကတည်းက လန်ဘားမျိုးမြင့်ကို ဒေါသဖြစ်နေတာ ကြာပြီ၊ ဒီကောင် လောဘကြီးလွန်းတယ်၊ ကျုပ်တို့ လန်ဘားမျိုးမြင့်ရဲ့ သားငါးဈေးကွက်ကို ဝင်လုမယ်"

ဟု ပြောလိုက်ရာ လန်ဘားမျိုးမြင့်ကို မကျေမချမ်းဖြစ်နေသော

ပေါက်စက လက်သီးလက်မောင်းတန်း၍

“သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ဒီအစီအစဉ်ကို ကျုပ်ရှေ့ဆုံးက ထောက်ခံတယ်ဗျို့ ၊ လန်ဘားကို ခါးချိုးပစ်မယ်”

ဟု ကြုံးဝါးလေ၏ ။

လွန်ခဲ့သောလအနည်းငယ်က မိန်းမပျိုတစ်ဦးကို နောက်ပိုးရှုးလုပ်ရင်း ၎င်းတို့နှစ်ဦး လက်သီးထိုးပွဲဖြစ်ကာ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ခဲ့ကြ၏ ။

ထိုသတင်းသည် ညနေစောင်းသည်နှင့် လန်ဘားမျိုးမြင့် ကျက်စားလေ့ရှိသော ကြောင်နှစ်ကောင်ကလပ်သို့ သတင်းပေါက် ကြားသွားလေ၏ ။

လန်ဘားမျိုးမြင့်သည် မိမိကို ခါးချိုးပစ်မည်ဆိုသဖြင့် စွေ့စွေ့ခုန်သွားပြီး

“လန်ဘားကို ခါးချိုးမယ်ဟုတ်လား၊ မောင်လှိုင်ရော ပေါက်စ နှစ်ကောင်စလုံးကို ပင်လယ်ထဲ ပစ်ချပြီး ငါးမန်းစာ ကျွေးပစ်မယ်ဟေ့၊ တောက် .... ဒီကောင်တွေ ညစ်ပတ်လွန်းလို့ ငါးမန်းတောင်စားမှာ မဟုတ်ဘူး”

ဟု ပြောဆိုလေ၏ ။

ထိုအချိန်မှစ၍ ပေါက်စသည် ကော့သောင်းသို့ သွားပြီး လန်ဘားမျိုးမြင့်၏ သားငါး ဈေးကွက်ကို လုရန် ကြိုးစားလေ၏ ။ သို့သော် လန်ဘားမျိုးမြင့်က သားငါးဈေးကွက်ကို ငွေကြိုပေးပြီး ချုပ်ကိုင်ထားသဖြင့် ၎င်းတို့တိုးဝင်၍ မရဘဲ ဖြစ်နေလေ၏ ။

ပေါက်စသည် မတတ်သာသည့်အဆုံး လက်လျှော့ပြီး ကျွန်းသို့ ပြန်လာလေ၏ ။ ကျွန်းသို့ ရောက်လျှက် မောင်လှိုင်ကို အကျိုးအကြောင်း ပြောပြပြီးသောအခါ မောင်လှိုင်က လက်လျှော့လိုဟန်မရှိဘဲ

“ဟေ့လူ .... ကျုပ်တို့ ဈေးကွက်ကို တိုးဝင်လို့မရရင်ရတဲ့နည်း

တစ်နည်းပဲရှိတော့တယ်၊ ဒီနည်းက အန္တရာယ်တော့များတယ်၊ ဒါပေမဲ့ စွန့်စားမှဖြစ်မယ်”

ဟုပြောလေရာ ပေါက်စက ရင်ကို ကော့၍

“လန်ဘားကို ခါးချိုးရမယ်ဆိုရင် ကျုပ် အသက်သေရင်သေပါစေဗျာ”

ဟု ကြုံးဝါးလေ၏။

ထိုအခါ မောင်လှိုင်က အတန်အကြာအောင် စဉ်းစား၍

“ကျုပ်တို့အနီးအနားက ကျွန်းတွေကိုသွားပြီး လူရိုင်းတွေဆီက ကြက်၊ ဘဲ၊ ဝက်တွေ ဝယ်ရမယ်၊ ဒီတာဝန်ကို ခင်ဗျားယူရမယ်”

ဟုပြောလိုက်ရာ ပေါက်စသည် ထိတ်လန့်တုန်လှုပ်သွားပြီး

“ဘာ... လူရိုင်းတွေဆီက သွားပြီးကြက်၊ ဘဲ၊ ဝက်တွေ ဝယ်ရမယ်ဟုတ်လား၊ ကိုလှိုင်... ခင်ဗျားကျုပ်ကို မြန်မြန်သေစေချင်လို့ ချောက်တွန်းတာလား၊ လူရိုင်းတွေက အက်မဒန်ကျွန်းကလူ တွေကိုအစိမ်းလိုက် ဝါးစားချင်နေတာ ခင်ဗျားသိရက်နဲ့ဗျာ”

ဟု မကျေမချမ်း ပြောလေ၏။ ထိုအခါ မောင်လှိုင်က လက်ကာပြ၍

“လိုချင်တာရှိရင်တော့ စွန့်စားရမှာပဲဗျ၊ ခင်ဗျားခေါင်းမရှိဘူးလား၊ ခေါင်းရှိရင် အန္တရာယ်တွေက ကျော်လွှားနိုင်ပါတယ်”

ဟု ပြောလေရာ ပေါက်စက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်

“အမလေး... ကျုပ်မှာခေါင်းရှိရင်လည်း လူရိုင်းတွေဖြတ်သွားလိမ့်မယ်၊ ကျုပ်တော့မသွားရဲ ပေါင်၊ လန်ဘားမျိုးမြင့်လိုကောင်နဲ့ ကျုပ်အသက်မလဲနိုင်ဘူး”

ဟု အထိတ်ထိတ် အလန့်လန့်ဖြင့် ပြောလေ၏။ ထိုအခါ မောင်လှိုင်က

“ဟေ့လူ... ကျုပ်မှာအကြံရှိတယ်၊ ကျုပ်စကားကို နားထောင်စမ်းပါ၊

ခင်ဗျားဘာမှမဖြစ်စေ ရဘူး”

ဟု ပြောကာပေါက်စ၏ နားသို့ကပ်၍ တီးတိုးပြောပြလေ၏ ။

ပေါက်စသည် မောင်လှိုင်၏ စကားကို နားထောင်ပြီး မျက်နှာဝင်းပသွားကာ

“ဟီး…ဟီး… သိပ်ကောင်းတဲ့အကြံပဲ၊ ဒါကြောင့်လည်း အက်ဒမနနန်ကျွန်းမှာ လူတွေကခင်ဗျားကို မောင်လှိုင်လို့ခေါ်တာ ဖြစ်မယ်”

ဟု ချီးကျူးထောပနာ ပြုလေ၏ ။

နောက်တစ်နေ့မှစ၍ ပေါက်စသည် လူယုံအချို့ကို ခေါ်ကာ အနီးအနားရှိ ကျွန်းများသို့ မယောင်မလည် ချဉ်းကပ်ကာ ကျွန်းပေါ်သို့ ငါးသေတ္တာဘူးများနှင့် နို့ဆီ၊ သကြားလုံး စသည့် စားသောက်ဖွယ်ရာများကို ချပေးလေ၏ ။

၎င်းတို့သည် စားသောက်ဖွယ်ရာများကို ကျွန်းစပ်၌ ချပေးပြီး ကျွန်းပေါ်သို့ ခြေပင်မချဝံ့ဘဲ အလျင်အမြန် လှေပေါ်ပြန်တက်ပြီး လှော်ခတ်ခဲ့လေ၏ ။

ထိုကျွန်းများ၌ လူသူ အရောက်အပေါက် အလွန်နည်းပါးပြီး လူရိုင်းမျိုးနွယ်စုများ နေထိုင်ကြ၏ ။ လူရိုင်းများသည် ပေါက်စတို့ လူစုချပေးခဲ့သော စားသောက်ဖွယ်ရာများကို စူးစမ်းလိုဟန်ဖြင့် ဝိုင်းအုံကြည့်ရှုနေကြ၏ ။

အက်ဒမန်ကျွန်းအနီး ပတ်ဝန်းကျင်ရှိ ကျွန်းစုများ၌ လူရိုင်းမျိုးနွယ်စုများ ရှိနေ၏ ။

လူရိုင်းများသည် အက်ဒမန်ကျွန်းပေါ်ရှိ ကျွန်းကျ အကျဉ်းသားများအား အလွန်မုန်းတီးကြ၏ ။

အကျဉ်းသားများ သစ်ခုတ်၊ တောရှင်းလုပ်သဖြင့် ၎င်းတို့၏ အမဲလိုက်နယ်မြေများ ကျဉ်းမြောင်းသည်ဟု ယူဆကြ၏ ။

အမှန်စင်စင် ကျွန်းကျ အကျဉ်းသားများသည် ဗြိတိသျှတို့ အလိုကျ

ကပြနေရသော သနားစဖွယ် ရုပ်သေးရုပ်များသာ ဖြစ်၏။

ကျွန်းကျ အကျဉ်းသားအချို့သည် ထောင်အာဏာပိုင်များနှင့် နားလည်မှုယူကာ အနီးအနားရှိ ကျွန်းများသို့လှည့်၍ ပျားရည်၊ ငှက်သိုက်၊ ငါးကြီးအံဖတ် စသည်များကို ရှာဖွေကြ၏။

ထိုသို့ရှာဖွေရင်း ဒေသခံလူရိုင်းများနှင့် တွေ့ကာ အသက်အန္တရာယ်ကိုပင် ရန်ရှာခြင်း ခံရ၏။

ဤသို့ဖြင့် ပေါက်စသည် မောင်လှိုင်၏ ခိုင်းစေချက်အရ လူရိုင်းများရှိရာ ကျွန်းများသို့ အန္တရာယ်ကြားမှ စွန့်စွန့်စားစား သွားလာခဲ့၏။

လူရိုင်းများကို ရိက္ခာများ နှစ်ခေါက် သုံးခေါက် ချပေးပြီး နောက် လူရိုင်းများသည် ပေါက်စတို့ လူစုကို မိတ်ဆွေဟု သတ်မှတ်လာ၏။

ပေါက်စသည် လူရိုင်းများနှင့် ရင်းနှီးစပြုသောအခါ လူရိုင်းခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ကျွန်းပေါ်ရှိ ကြက်၊ဘဲ၊ ဝက်များကို လက်ဆောင်ပစ္စည်းများနှင့် လဲလှယ်လိုကြောင်း ကမ်းလှမ်းလေ၏။

လူရိုင်းများသည် ငွေကြေးသုံးစွဲတတ်သူများ မဟုတ်သဖြင့် အသားဘူး၊ ငါးဘူးများနှင့် လဲလှယ်ရန် သဘောတူကြ၏။

ထိုအချိန်၌ လူရိုင်းများသည် ပေါက်စတို့လူစု ကျွန်းပေါ်သို့ စွန့်ကြဲထားသော ရိက္ခာများနှင့် ရင်းနှီးနေလေ၏။

လူရိုင်းခေါင်းဆောင်ကြီးသည် ပေါက်စ လက်ဆောင်ပေးထားသော ဓာတ်ဘူး အစုတ်ကြီးကို အလွန်သဘောကျနေလေ၏။ ဓာတ်ဘူးထဲသို့ ထည့်ထားသော ရေနွေးများ တစ်နေကုန် ပူနွေးနေခြင်းကို အလွန်အံ့ဩနေ၏။

လူရိုင်းခေါင်းဆောင်၏ မိန်းမများသည် တစ်ယောက်ကို မှန်တစ်ချက်စီရသဖြင့် မှန်ထဲတွင် မြင်ရသော မိမိတို့ရုပ်ကို ကြည့်မဝ ဖြစ်နေ၏။

လူရိုင်းခေါင်းဆောင်၏ အကြီးဆုံးသားမှာ မီးခြစ်တစ်လုံး ရရှိသဖြင့် မီးခြစ်မှ မီးရရှိခြင်းကို အလွန်အံ့သြနေပြီး မီးခြစ်ကို နတ်ဘုရားဟူ၍ ပင် ထင်မြင်လာ၏။

မောင်လှိုင်သည် လူရိုင်းများထံမှ ရရှိသော ကြက်၊ ဘဲ၊ ဝက်များကို အက်ဒမန်ကျွန်းပေါ်ရှိ အဘာဒင်ဈေး၌ ရောင်းချလေ၏။

၎င်းတို့သည် လန်ဘာမျိုးမြင့်၏ ဈေးထက်များစွာ လျော့နည်းပြီး ရောင်းနိုင်သဖြင့် မကြာမီ အက်ဒမန်ကျွန်းတစ်ခုလုံး၏ ကြက်၊ ဘဲ၊ ဝက် ဈေးကွက်ကို အုပ်စိုးမိသွားလေ၏။

မောင်လှိုင်၏ အကြံအစည်ကြောင့် လန်ဘားမျိုးမြင့်၏ အဓိက စီးပွားရေးလုပ်ငန်းကြီး ပြိုကွဲသွားလေ၏။

မောင်လှိုင်တို့သည် လူရိုင်းများနှင့် ကုန်ပစ္စည်းများကို ဖလှယ်ရာတွင် အမြတ်အစွန်းများစွာ ရရှိလေ၏။

လူရိုင်းများသည် စီးပွားရေးလုပ်ရန် ဝါသနာပါသူများ မဟုတ်ဘဲ ၎င်းတို့ တစ်သက်သာတွင် တစ်ကြိမ်တစ်ခါမျှ မသုံးစွဲဘူးသော ပစ္စည်းများကိုရရှိသဖြင့် သဘောအကျကြီး ကျနေလေ၏။

လူရိုင်းခေါင်းဆောင်တစ်ဦးသည် ပေါက်စ လက်ဆောင်ပေးထားသော မှန်ဘီးလူးအစုတ် ကြီးကို အစဉ်ထာဝရ လည်ပင်း၌ ဆွဲထားလေ၏။

ထိုမှန်ဘီလူးကြီးကို အလွန်သဘောကျပြီး ပေါက်စအား ဝက်ကြီးတစ်ကောင်ကို ပြန်လည်၍ လက်ဆောင်ပေးလေ၏။

လူရိုင်းကလေးများမှာလည်း သကြားလုံးများကို အလွန်နှစ်သက်ပြီး ၎င်းတို့ကောက်ထား သော အဖိုးတန်ပုလဲများနှင့် သကြားလုံးများကို လဲလှယ်စားသောက်လေ၏။

ပေါက်စသည် မြာအလွန်ပွေသူဖြစ်သဖြင့် လူရိုင်းများထံမှရရှိသော ပုလဲများကို မိန်းမများအား နောက်ပိုးရှူးလုပ်ရာတွင် အသုံးချရင်း လွန်စွာပျော်ရွှင်နေလေ၏။

ထိုအချိန်တွင် လောဘကြီးသော လန်ဘားမျိုးမြင့်တစ်ယောက်မှာ ရှူးမတတ်ဖြစ်ပြီး အော်ဟစ်နေလေ၏။

မောင်လှိုင်သည် အက်ဒမန်ကျွန်း၏ ရာဇဝင်ထဲတွင် စာတင်မည့်အလုပ်ကို ပြုလုပ်ပြီး တစ်နှစ်ခန့်အကြာတွင် သူ၏ လက်ရုံးပေါက်စကို ခေါ်၍

"ကျုပ် အကုသိုလ်အလုပ်တွေ မလုပ်ချင်တော့ဘူး၊ လူရိုင်းတွေဆီက ကြက်၊ ဘဲ၊ ဝက်တွေ မယူနဲ့တော့"

ဟု ပြောလိုက်ရာ ပေါက်စသည် မျက်လုံးပြူးသွားပြီး

"အပြောင်းအလဲ မြန်လှချည်လားဗျ၊ ကျုပ်တို့ မလုပ်ရင် လန်ဘားမျိုးမြင့် ပြန်လုပ်ပြီး ကျွန်းပေါ်မှာ ကုန်စျေးနှုန်း ပြန်တက်နေလိမ့်မယ်"

ဟု ပြောလေ၏။

မောင်လှိုင်က ခေါင်းခါယမ်း၍

"တက်လည်း မတတ်နိုင်ဘူး၊ ကျုပ်သေရင် ငရဲရောက်မခံနိုင်ဘူး၊ ညက အိမ်မက်ထဲမှာ ငရဲပြည် ရောက်သွားတယ်လို့ မြင်မက်တယ်"

ဟု ပြောကာ အဗာဒင်စျေးသို့ ကြက်၊ ဘဲ၊ ဝက်များသွင်းသည့်အလုပ်ကို တစ်ချက်လွှတ်အမိန့်နှင့် ရပ်စဲလိုက်လေ၏။

ထိုအခါမှပင် လန်ဘားမျိုးမြင့်သည် သူ၏ ကိုယ်ပိုင် အကုသိုလ်အလုပ်များကို ပျော်ရွှင်စွာ ပြန်လည်လုပ်ကိုင်လေတော့၏။

လျှပ်တပြက်သည် မောင်လှိုင်၏ လူလည်ကျပုံများကို စဉ်းစားရင်း

အချိန်အတော်လင့် သွားလေ၏ ။

သူ၏ ထူးခြားလှို့ဝှက်သော သတင်းကို ကျွန်းပေါ်၌ တစ်ဦးတည်း ဝယ်ယူနိုင်သူမှာ မောင်လှိုင်ပင် ဖြစ်၏ ။ မောင်လှိုင်လို ထူးထူးခြားခြား လုပ်တတ်သူနှင့် ဤသတင်းသည် အလိုက်ဖက်ဆုံးဖြစ်၏ ။

ကျွန်းတစ်နေရာရှိ ဆင်းရဲသားများ ထိုင်လေ့ရှိသော အရက်ဆိုင်သို့ သွားကာ အရက်တစ်လုံးနှင့် ငါးကင်ကိုမှာလိုက်၏ ။

ထို့နောက် အရက်ကို သောက်ရင်း ငါးကင်ကို တကျွတ်ကျွတ်ဝါးကာ မောင်လှိုင်နှင့် တွေ့ဆုံလျှင် သုံးစွဲရမည့်စကားကြီး စကားကျယ်များကို စဉ်းစားနေလေ၏ ။

* *

# အခန်း(၂)

ကျွန်းမင်းကြီးသည် ရှိုင်ရယ်ကလပ်၏ သုံးထပ် အဆောက်အအုံရှိ စားပွဲတစ်လုံး၌ ထိုင်၍ ဂိစကီသောက်ရင်း အလှမွေးငါးကန်အတွင်းမှ ငါးများကို ငေးမောကြည့်ရှုကာ ပုလဲဇကေရီသည် စိတ်ဝင်စားဖွယ်ကောင်း လွန်းလှ၏။

ကိုမင်းခေါင်ဆိုသူ ပြောသော ပုလဲဇကေရီသည် စိတ်ဝင်စားဖွယ် ကောင်းလွန်းလှ၏။

ပုလဲဇကေရီသည် မြန်မာပြည်၏ ရတနာတစ်ပါး ဖြစ်၏။

ထိုရတနာအား အင်္ဂလန်ပြည်တွင် ဘုရင်မကြီးအား ဆက်သလိုက်လျှင် သူ၏ ဘဝ၌ အဓိပ္ပာယ်ရှိသော အလုပ်တစ်ခုကိုလုပ်ကိုင်ပြီး ဖြစ်သွားပေလိမ့်မည်။

ကျွန်းမင်းကြီးသည် ပုလဲဇကေရီအကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် ပြောပြသော ကိုမင်းခေါင်ဆိုသူ၌ ထူးခြားဆန်းကြယ်သော စွမ်းရည်သတ္တိထူးတစ်ခုရှိမည်ဟု ခံစားရ၏။

ထိုသူ၏ မျက်ဝန်းများသည် ကြောက်မက်ဖွယ် စူးရှလွန်းလှ၏။ သူ၏ ပုလဲဇကေရီသည် အမှန်ဖြစ်မည်ဟု မိမိ ယုံကြည်၏။

ထိုအခိုက်မှာပင် အသက်သုံးဆယ်ဝန်းကျင် မြန်မာလူမျိုးတစ်ဦးသည် ကျွန်းမင်းကြီးရှိရာ စားပွဲခန်းသို့ ချဉ်းကပ်လာလေ၏။ ကျွန်းမင်းကြီးက မြန်မာလူမျိုးဘက်သို့ လှည့်၍

"ထိုင်ပါ မောင်လှမိုး၊ ကျုပ်ရဲ့ ပုလဲဇကေရီဖိုင်ကို သေသေချာချာ ဖတ်ပြီးပြီးလား"

ဟု မေးမြန်းလိုက်ရာ မောင်လှမိုးဆိုသူသည် ကျွန်းမင်းကြီး၏ ရှေ့တွင် ရိုကျိုးဟန်ဖြင့် ထိုင်လိုက်ပြီး

"ပုလဲဇကေရီဖိုင်ကို ဖတ်ပြီးပါပြီ မင်းကြီး၊ ဖိုင်ကို ဖတ်ပြီး

ကျွန်တော်မျိုးဟာ အံ့ဩလွန်းလို့ မယုံနိုင်အောင် ဖြစ်ရပါတယ်၊ ပုလဲကေရီဖိုင်ကို အကြိမ်ကြိမ်အဖန်ဖန် ဖတ်ပြီးပါပြီ”

ဟု ပြောလေ၏။

ထိုအခါ ကျွန်းမင်းကြီးက ဂီစကီကို တစ်ငုံသောက်၍ ဒိန်ခဲတစ်လုံးကို ဝါးစားလိုက်ပြီး ....

“လူကလေးလည်း ပုလဲကေရီရဲ့ ဖမ်းစားမှုကို ခံလိုက်ရပြီကိုး၊ ပုလဲကေရီကို လူကလေး ဘယ်လိုမြင်လဲ”

ဟု မေးမြန်းလေ၏။

ထိုအခါ မောင်လှမိုးဆိုသူက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး ....

“ကိုမင်းခေါင်ဆိုတဲ့ ရှေးဟောင်းသုတေသန ပညာရှင်ကို ကျွန်တော်မျိုး သံသယရှိနေတယ်၊ သူဟာ ဘာဖြစ်လို့ ပုလဲကေရီ အကြောင်းကို ဒီလောက် သိနေရတာ လဲ”

ဟု ပြောလေ၏။

မောင်လှမိုးဆိုသူ၏ စကားကြောင့် ကျွန်းမင်းကြီးက သက်ပြင်းချလိုက်ပြီး ...

“လူကလေးတွေးသလို ကျုပ် အကြိမ်ကြိမ် အဖန်ဖန် တွေးပြီးပါပြီ၊ ဒါပေမဲ့ ကိုမင်းခေါင်ဆို တဲ့လူက ကျုပ်တို့ ဗြိတိသျှ အစိုးရကို လိမ်ညာလှည့်ဖြားလို့ သူ့အတွက် ဘာအကျိုးမှမရှိဘူး၊ အက်ဒမန်ကျွန်းရဲ့ တောနက်ထဲကိုဝင်ပြီး လူရိုင်းတွေ ကိုးကွယ်တဲ့ နတ်ဘုရားရဲ့ ပလ္လင်အောက်က ပုလဲကေရီကို ဗြိတိသျှတွေရသွားရင် ကျုပ်တို့အတွက် အမြတ်ထွက်တာပဲ ရှိမယ်၊ တောထဲမှာ သွားရှာလို့ ပုလဲကေရီကို မတွေ့ရင်လည်း ကျုပ်တို့အတွက် ဆုံးရှုံးမှု ကြီးကြီး မားမား မရှိနိုင်ဘူး၊ နောက်ပြီး ကိုမင်းခေါင်ဆိုတဲ့ ရှေးဟောင်း သုတေသနပညာရှင်ဟာ

ကျုပ်တို့ဆီက ဘာအခွင့်အရေးမှမတောင်းဆိုဘူး၊ ပုလဲကေရီကို ကျုပ်တို့ လက်ထဲကို သာရောက်ရင် သူ့ကို ဒီအခွင့်အရေး မပေးနိုင်စရာ အကြောင်းမရှိဘူး"

ဟု ပြောလေ၏။

ကျွန်းမင်းကြီး၏ စကားဆုံးလျှင် မောင်လှမိုးက ဝီစကီကို အနည်းငယ် သောက်လိုက်ပြီး

“ကျွန်းမင်းကြီး အမိန့်ရှိသလို ကိုမင်းခေါင်အတွက် ဘာအကျိုးအမြတ်မှ ထူးထူးခြားခြားရစရာ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်မျိုးရဲ့စိတ်ထဲမှာ ပုလဲကေရီဟာ လှည့်ဖြားမှုတစ်ခုရှိနေတယ်လို့ ထင်တယ်၊ ဒါကြောင့် ကိုမင်းခေါင်ဆိုတဲ့ လူရဲ့နောက်ကြောင်းကို သေသေချာချာစုံစမ်းပြီး စောင့်ကြည့်စေချင်ပါတယ်"

ဟုပြောလေ၏။

ကျွန်းမင်းကြီးသည် မောင်လှမိုး၏ စကားကို သဘောမကျဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

“လူကလေးရဲ့အကြံကို ကျုပ် လက်မခံနိုင်ဘူး၊ မလိုအပ်ဘဲ အချိန်ဆွဲနေတယ်လို့ပဲ ကျုပ် ယူဆတယ်၊ ဒါကြောင့် မနက်ဖြန် ကိုမင်းခေါင်နဲ့တွေ့ပြီးရင် ပုလဲကေရီကို ရှာဖွေရေး စတင်တော့မယ်၊ တောထဲမှာ ကပလီလူပုလေးတွေနဲ့တွေ့ရင် ရင်ဆိုင်တိုက်ပွဲ ဖြစ်နိုင်တယ်၊ လိုအပ်တာတွေ ပြင်ဆင်ထားပါ”

ဟု အမိန့်ပေးလိုက်လေ၏။

မောင်လှမိုးသည် ကျွန်းမင်းကြီး၏ တစ်ချက်လွှတ်အမိန့်ကြောင့် စောဒကတက်ရန် မဖြစ်နိုင်တော့ဘဲ ငြိမ်သက်သွားလေ၏။

သူသည် ကျွန်းမင်းကြီးကို နှုတ်ဆက်၍ ရှိုင်ရယ်ကလပ်မှ ပြန်ခဲ့လေ၏။ မောင်လှမိုးဆိုသူသည် အက်ဒမန်ကျွန်း၌ ထောင်မှူး လှမိုးဟု နာမည်သတင်း

ကျော်ကြားလေ၏ ။

ထောင်မှူးလှမိုးသည် မင်းကြီး၏ ယုံကြည်စိတ်ချရဆုံးလူတစ်ဦးဖြစ်ပြီး အက်ဒ မန်ကျွန်းသို့ ရောက်သည်မှာ နှစ်နှစ် ခန့်သာ ရှိသော်လည်း မင်းကြီးကလွဲလျှင် ဩဇာအာဏာ အရှိဆုံးလူ ဖြစ်လာ၏ ။

ထောင်မှူးလှမိုး၏ ဘဝသည် စိတ်ဝင်စားဖွယ်ကောင်းလှ၏ ။

ငယ်စဉ်ကပင် သူ၏ မိဘများအား ဓားပြများက သတ်၍ မိဘမဲ့ဖြစ်ခဲ့ရ၏ ။ ထောင်မှူးလှမိုးအား ပြည့်တန်ဆာခေါင်းအလုပ် လုပ်ကိုင်သော ဒေါ်ခင်သက်ဆိုသည့် မိန်းမကြီးက မွေးစားခဲ့၏ ။

သူ၏ ငယ်ဘဝတစ်လျှောက်လုံး ပြည့်တန်ဆာမများကြားတွင် ကြီးပြင်းခဲ့ရ၏ ။ ပြည့်တန်ဆာမများသည် မောင်လှမိုးအား အတတ်အမျိုးမျိုး သင်ကြားပေးကြ၏ ။ မောင်လှမိုး၏ ငယ်စဉ်ဘဝသည် ကြမ်းတမ်းခက်ထန်လွန်းလှ၏ ။

ပြည့်တန်ဆာအိမ်ကြီးသို့ လာရောက်သော ယောကျာ်းများ၏ အနိုင်ကျင့်ခြင်းကို ခံရ၏ ။ပြည့် တန်ဆာအိမ်ကြီးမှ မိန်းမများကလည်း မောင်လှမိုးကို မထင်လျှင် မထင်သလို နှိပ်စက်၏ ။

မောင်လှမိုးကို မွေးစားသော ပြည့်တန်ဆာခေါင်းမကြီးမှာ အချိန်ပြည့်အရက်မူးပြီး ညစ်ညမ်းသော သီချင်းများကို အော်ဟစ်သီဆိုနေလေ၏ ။

မောင်လှမိုးသည် ပြည့်တန်ဆာအိမ်တွင် နေထိုင်ရင်း လူအမျိုးမျိုး စရိုက်အထွေထွေဖြင့်ရင်း နှီးခဲ့၏ ။ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးလူကောင်းများသည် ပြည့်တန်ဆာအိမ်သို့ တိတ်တဆိတ်လာ ရောက်ပျော်ပါးကြ၏ ။

ထိုလူကြီးများထဲတွင် ဘုရားလူကြီးများလည်း ပါ၏ ။

အစိုးရအရာရှိကြီးများလည်း ပြည့်တန် ဆာအိမ်နှင့်မကင်း။

မောင်လှမိုး အရွယ်ရောက်သောအခါ ပြည့်တန်ဆာမများက မကောင်းသော အကျင့်များကို သင်ကြားပေးပြန်၏ ။

ထိုအချိန်မှစ၍ မောင်လှမိုးသည် လူရှုပ်လူပွေတစ်ဦး ဖြစ်ခဲ့၏ ။ မောင်လှမိုးသည် ဉာဏ်ကောင်းသဖြင့် စာတော်ကာ နှစ်စဉ်ဆုရ၏ ။

တစ်နှစ်တစ်တန်း မှန်မှန်အောင်၍ ကောလိပ်တက်ခွင့်ရ၏ ။ သို့သော် ကောလိပ်ကျောင်းတက်ရင်း ကျောင်းသူတစ်ဦးကို စော်ကားမိသဖြင့် ကျောင်းထွက်ခဲ့ရ၏ ။

ထိုအချိန်မှစ၍ ကြီးပွားတိုးတက်လိုစိတ်များ ဖြစ်ပေါ်လာ၏ ။ မိမိ၌ ချူးတစ်ပြားမှမရှိသဖြင့် ကုန်သည်ပွဲစားလုပ်၍ ကြီးပွားရန် လမ်းမမြင်ဟု ယူဆ၏ ။

အစိုးရအလုပ်ကို ဝင်လုပ်၍ မြို့အုပ်၊ အရေးပိုင်စသော ရာထူးရာခံများကို လိုချင်၏ ။ သို့သော် သူ၏ ပညာတစ်ပိုင်းတစ်စဖြင့် မြို့အုပ်၊ အရေးပိုင် အိပ်မက်မက်ရန် မဖြစ်နိုင်ချေ။

နောက်ဆုံးတွင် ထောင်မှူးအလုပ်ကို ဝါသနာမပါသော်လည်း မချစ်သော်လည်း အောင့်ကာနမ်းလိုက်ရ၏ ။

အင်းစိန်ထောင်ကြီးတွင် ထောင်မှူးသင်တန်း တက်ကာစက သင်ခန်းစာများကို သင်ယူရန် ငြီးငွေ့လွန်းသဖြင့် ထွက်ပြေးရန်ပင် ဆုံးဖြတ်ခဲ့၏ ။

ထောင်မှူးဘဝသို့ ရောက်သောအခါ မြန်မာပြည်အရပ်ရပ်သို လှည့်လည်ထမ်းဆောင်ရင်း မမျှော်လင့်ဘဲ ထောင်မှူးဘဝကို ဝါသနာပါလာ၏ ။

သူသည်ဘယ်သူ သေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်ဖြင့် အကျဉ်းသားများထံမှ လာဘ်ငွေ အမြောက်အမြားရယူ၏ ။ ကိုလိုနီအစိုးရ အုပ်ချုပ်သော အချိန်ကာလ ဖြစ်သဖြင့် တရားဥပဒေကို လိုသလို ပြောင်းလဲနိုင်၏ ။

သူသည် မြန်မာပြည်အရပ်ရပ်သို့ လှည့်၍ အမှုထမ်းရင်း နောက်ဆုံးတွင် အက်ဒမန်ကျွန်းသို့ ရောက်ရှိလာ၏။

အက်ဒမန်ကျွန်းသို့ ထောင်မှူးအများစုက မသွားလိုသော်လည်း ထောင်မှူးလှမိုးမှာမူ အားလုံးနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး အက်ဒမန်ကျွန်းသို့ သွားရန် စိတ်အားထက်သန်၏။

အဘယ်ကြောင့်ဆိုသော် အကျဉ်းသားများထံမှ အခွင့်အရေးယူလျှင် ယူတတ်သလို စီးပွားဖြစ်သောကြောင့်ပင် ဖြစ်၏။ ထောင်မှူးလှမိုးသည် ကျွန်းသို့ရောက်ပြီး များမကြာမီမှာပင် ဥစ္စာစီးပွားများ တိုးတက်ခဲ့၏။

သူသည် ကျွန်းမင်းကြီးအကြိုက် လုပ်ဆောင်ပေးရင်း အကျဉ်းသားများထံမှ လာဘ်ငွေယူရန်သာသာမက ကုသည်ပွဲစားများထံမှပင် လာဘ်ငွေရအောင် ကြိုးပမ်းခဲ့သည်။

ထောင်မှူးလှမိုးသည် လည်ဝယ်သူ တစ်ဦးဖြစ်သဖြင့် ကျွန်းပေါ်၌ အရေးအကြီးဆုံးမှာ ရက်စက်ကြမ်းကြုတ်မှု ဖြစ်ကြောင်း ရိပ်စားမိ၏။ သူသည် တစ်ကျွန်းလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့စေရန် ရက်စက်ကြမ်းကြုတ်ပြခဲ့၏။

ကုန်သည်ပွဲစားများကို ခြိမ်းခြောက်၍ လာဘ်ငွေများ တောင်ယူ၏။ လာဘ်ငွေပေးရန် ငြင်းဆန်သော ကုန်သည် ပွဲစားများ အား ကျွန်းလုံခြုံရေးတပ်ဖွဲ့၏ အရှိန်အဝါကို သုံး၍ ဖမ်းဆီး၏။

မြန်မာပြည်နှင့် ဝေးကွာနေသော အရပ်ဒေသဖြစ်၍ ကျွန်းပေါ်၌ တရားမျှတမှု မရှိ မည်သူမျှ လိုက်လံ ထောက်လှမ်းခြင်း မပြုလုပ်နိုင်ကြချေ။

ကိုလိုနီအစိုးရည် ကျွန်းကျတရားခံများ ထွက်မပြေးနိုင်ရန်သာ အဓိကထားပြီး တရားဥပဒေ စိုးမိုးရေးကို အလေးအနက်ထားခြင်းမရှိ။

ထောင်မှူးလှမိုးသည် ကျွန်းပေါ်၌ ကြိမ်ဒဏ်ဖြင့် အပြစ်ပေးသော

စနစ်ကို စတင်တီထွင်၏ ။

အက်ဒမန်ကျွန်းရှိ ကျွန်းက အကျဉ်းသားများ အပြစ်ရှိလျှင် စီလူလာထောင်ကြီးသို့ ပို့၏ ။

စီလူလာထောင်သို့ အပို့ခံရသော အကျဉ်းသားများအား ကြိမ်ဒဏ်ရိုက်ရန် တာဝန်ကို ထောင်မှူးလှမိုး ကိုယ်တိုင်ပြုလုပ်၏ ။

ထောင်မှူးလှမိုးသည် လည်ဝယ်သူဖြစ်သဖြင့် အက်ဒမန်ကျွန်း၌ တန်ခိုးအကြီးဆုံးဖြစ်သော ကျွန်းမင်းကြီးကို အလိုလိုက်အကြိုက်ဆောင်၍ ပေါင်းသင်း၏ ။

ထို့ကြောင့် ထောင်မှူးလှမိုးအား ကာလတိုအတွင်း ကျွန်းမင်းကြီး၏ လက်ရုံးတစ်ဆူကဲ့သို့ အားကိုးအားထားပြုကာ အာဏာကုန် လွှဲအပ်ခြင်းခံရ၏ ။

ထိုမှတစ်ဆင့် ထောင်မှူးလှမိုးသည် ကျွန်း၌ မိမိ၏ ဩဇာ အာဏာချဲ့ထွင်နိုင်ရန် အရည်အ ချင်းရှိသောထောင်မှူးများကို ကျွန်းမင်းကြီး မနှစ်သက်အောင် ပြုလုပ်၍ ကျွန်းမှလွှင့်စင်အောင်ကြိုး ပမ်းခဲ့၏ ။

ကျွန်း၌ မိမိ တစ်ဩဇာတည်းရှိသောအခါ စီးပွားရေးလုပ်ငန်းရှင်များကို အခွင့်အာဏာအသုံး ပြု၍ ငွေညှစ်ခြင်းအခြားသော အခွင့်အရေးများရယူခြင်း စသည့်မသမာမှုများကို ကျူးလွန်ခဲ့လေ၏ ။

ကျွန်း၌ စားသောက်ဆိုင်၊ လောင်းကစားဝိုင်းစသည်ဖြင့် ဖွင့်လှစ်ထားသူများသည် ထောင် မှူးလှမိုးမနှောင့်ယှက်စေရန် ကြိုတင်၍ ပေးကမ်းထားရလေ၏ ။

ထောင်မှူးလှမိုးသည် ကျွန်း၌ မြာပွေသည့်နေရာတွင်လည်း ထိပ်ဆုံးက ပြေးသူဖြစ်၏ ။ကျွန်း သို့လာရောက်၍ စီးပွားရှာသော မိန်းမချောမိန်းမလှမှန်လျှင် လှမိုးနှင့်ကင်းသူမရှိဟု နာမည်သတင်း ပြေးလေ၏ ။

လှမိုးသည် အရပ်ထောင်ထောင်မောင်းမောင်းဖြင့် ကိုယ်ခန္ဓာကြွံ့ခိုင်ပြီး ဥပမိရုပ်ကောင်းသူ ဖြစ်၏။ ထို့ကြောင့် လှမိုးကိုကျသော မိန်းမရှုပ်များလည်းရှိ၏။

ကျွန်း၌ အကျင့်စာရိတ္တနှင့် ကာကွေဋ္ဌကို ထိန်းသိမ်းသော မိန်းကလေးများကမူ လှမိုးကိုဝေး ဝေးကရှောင်ကြဉ်ကြ၏။

မည်သို့ပင်ဖြစ်စေ ထောင်မှူးလှမိုးသည် အက်ဒမန်ကျွန်း၌ ကျွန်းမင်းကြီးပြီးလျှင် တန်ခိုးအ ထွားဆုံးပင်ဖြစ်နေလေတော့၏။

* *

ကိုမင်းခေါင်ဆိုသူသည် ပုလဲကေရီ၏ လျှို့ဝှက်ချက်ကို ဦးဆုံးသိသူဖြစ်၏ ။ ထိုသူ၏ စကား မှန်ကန်ပါက ပုလဲကေရီကို မိမိအစွမ်းဖြင့် ရအောင်ကြိုးစားယူရပေလိမ့်မည်။

ဗြိတိသျှတို့အား အသိပေးပြီး အကူအညီတောင်းစရာ အကြောင်းမရှိဟု ထင်၏ ။ ထောင်မှူး လှမိုးသည်ကိုမင်းခေါင်ဆိုသူအား ယုံကြည်ခြင်းမရှိချေ။

ထိုသူသည် ရှေးဟောင်းသုတေသနပညာရှင် အစစ်မှဟုတ်ပါလေစ။

ထောင်မှူးလှမိုးသည် ၎င်းသီးသန့်နေထိုင်သော အိမ်ကြီးသို့မပြန်သေးဘဲ ကျွန်းတစ်နေရာရှိ ဆင်းရဲသားများ သွားလာလေ့ရှိသော ဘုံဆိုင်သို့သွားလေ၏ ။

ဘုံဆိုင်နှင့်မလှမ်းမကမ်းတွင် ကားကိုရပ်၍ လျှောက်လှမ်းသွားလေ၏ ။ ဘုံဆိုင်တံခါးဝသို့ ရောက်သောအခါ ကျယ်လောင်သော ရယ်သံကြီးကို ကြားလိုက်ရသဖြင့် မှောင်ရိပ်ခို၍ ရပ်တန့် ကြည့်လိုက်၏ ။

မီးခိုးများမွှန်နေသော ဘုံဆိုင်ထဲ၌ လူသန်ကြီးတစ်ဦးသည် ကျယ်လောင်သောအသံဖြင့် တဟားဟားရယ်မောနေပြီး စားပွဲပေါ်ရှိ သူတစ်ပါး၏

အရက်ခွက်များကို တစ်ခွက်ပြီးတစ်ခွက်မိုက် ကြေးခွဲသောက်နေလေ၏။

လူသန်ကြီးကရယ်မောရှ်

“ဟား..ဟား..ဟာ… မကျေနပ်ဘူးလား၊ တစ်ပွဲတစ်လမ်း အကဲစမ်းချင်လို့လား၊ သတ္တိရှိူရင် ငါ့ကိုလက်တုံ့ပြန်ဖို့ ကြိုးစားလေ”

ဟု စိန်ခေါ်သော အမူအရာဖြင့် ပြောလိုက်ရာ စားပွဲတွင်ထိုင်နေသော လူများက ပျာပျာသ လဲအမူအရာဖြင့် ဝိုင်းဝန်းတောင်းပန်ကြလေ၏။

လူသန်ကြီးသည် စားပွဲတစ်လုံးပြီးတစ်လုံးကူးကာ သူတစ်ပါး၏ အရက်ခွက် များကိုမိုက် ကြေးခွဲ၍ သောက်နေလေ၏။

ထောင်မှူးလှမိုးသည် မှောင်ရိပ်ထဲတွင် အတန်ကြာအောင် ရပ်တန့်၍ လူသန်ကြီးကိုကြည့် နေပြီးမှ

“ဗလအားကိုးနဲ့ လူတကာကို အနိုင်ကျင့်ရတာ မမောသေးဘူးလား ဆင်ပေါက်”

ဟု ပြောလိုက်ရာ ဆင်ပေါက်ဆိုသော လူသန်ကြီးသည် တံခါးဝသို့လှည့်ကြည့်၍ မှောင်ရိပ် ထဲတွင်ရပ်တန့်နေသော ထောင်မှူးလှမိုးကို သဲသဲကွဲကွဲမမြင်ရဘဲ

“ရာရာစစ… ငါ့ကိုဘယ်ကောင်လာပြီး ဆရာလုပ်နေ ထွက်သွားလေ၏။

ဆင်ပေါက်သည် လူမိုက်တစ်ဦးနှင့်မတူတော့ဘဲ လိမ္မာယဉ်ကျေးသော အမူအရာဖြင့် ထောင်မှူးလှမိုးအနောက်မှ ကုတ်ကုတ်ကလေး လိုက်ပါသွားလေတော့၏။

၎င်းတို့ ထွက်ခွာသွားသောအခါမှပင် ဘုံဆိုင်ထဲရှိ လူများသည်အသက်ကို ဝဝရှူနိုင်လေ တော့၏။

ထောင်မှူးလှမိုးသည် လူမိုက်ဆင်ပေါက်အား သူ၏

ဂျစ်ကားပေါ်သို့တင်၍ ကမ်းနားလမ်းအ တိုင်းမောင်းနှင်သွားလေ၏။

ကမ်းနားဆိပ်သို့ ရောက်သောအခါ ကားကိုရပ်လိုက်ပြီး ထောင်မှူးလှမိုးက

"ကိုမင်းခေါင်ဆိုတဲ့ ရှေးဟောင်းသုတေသနပညာရှင် အကြောင်းကို ငါ သိချင်တယ်"

ဟု ပြောလိုက်ရာ ချက်ဆိုနားခွက်မီးတောက်သော ဆင်ပေါက်က

"အမြန်ဆုံး သိရပါစေမယ် ဆရာ"

ဟု ပြောလိုက်၏။

ထောင်မှူးလှမိုးက မျက်မှောင်ကြုတ်၍

"ဒီကောင်ရဲ့ နောက်ကြောင်းရာဇဝင်ကို တတ်နိုင်သမျှ ပြည့်ပြည့်ဝဝ လိုချင်တယ်"

ဟု ပြောလိုက်ရာ ဆင်ပေါက်က ခေါင်းတဆတ်ဆတ်ညိတ်၍

"စိတ်ချပါ ဆရာ၊ တပည့် အမြန်ဆုံးနဲ့ အတိကျဆုံးဖြစ်အောင် စုံစမ်းပေးပါ့မယ်၊ ဒါနဲ့ နေပါဦး ဆရာ၊ ရှေးဟောင်း သုတေသနပညာရှင် တစ်ယောက်ကို ဆရာဘာဖြစ်လို့ စိတ်ဝင်စားရတာ လဲ"

ဟု မေးမြန်းလေ၏။

ထောင်မှူးလှမိုးသည် လူမိုက် ဆင်ပေါက်အား ပြောသင့်မပြောသင့် စဉ်းစားပြီးနောက် မိမိ၏ သစ္စာရှိ လူယုံတစ်ဦးဟု ယူဆကာ

"ဒီလူဟာ ပင်လယ်ဓားပြကြီး ယိုးဒယားဝိုက်ရဲ့ရတနာသိုက်နဲ့ ပတ်သက်တယ်လို့ သိရတယ်၊ ဒါပေမဲ့ ဒီလူနဲ့ ပတ်သက်ပြီး ငါ သံသယဖြစ်နေတယ်"

ဟု ပြောကာ ကျွန်းမင်းကြီးထံမှ သိရသော ယိုးဒယားဝိုက်၏

ပုလဲကေရီအကြောင်းကို အတိုချုပ်၍ ပြောပြလေ၏။

လူမိုက်ဆင်ပေါက်သည် ထောင်မှူးလှမိုး၏ စကားကို တအံ့တသြ နားထောင်၍

"တောနက်ထဲမှာ ယိုးဒယားပိုက်ကြီးရဲ့ ပုလဲကေရီရှိနေတယ်ဆိုတာ ကျွန်တော်တို့ တစ်ခါမှ မကြားဖူးဘူး၊ ဆရာ သံသယ ဖြစ်မယ်ဆိုရင်လည်း ဖြစ်စရာပဲ"

ဟု ပြောလိုက်ရာ ထောင်မှူးလှမိုးက ပင်လယ် ပြင်ဆီသို့ ငေးကြည့်၍

"ကိုမင်းခေါင်းဆိုသူရဲ့ စကားကို ကျွန်းမင်းကြီးကတော့ အယုံကြီး ယုံကြည်နေတယ်၊ ကိုမင်းခေါင်းဟာ လျှို့ဝှက်ဆန်းကြယ်တဲ့ လူတစ်ယောက်လို့ ငါထင်တယ်"

ဟု ပြောကာ လူမိုက်ဆင်ပေါက်အား ငွေအနည်းငယ်ပေး၍ မြို့လယ်ခေါင်ရှိ ပြည့်တန်ဆာရပ်ကွက်၌ ချပေးလေ၏။

ထောင်မှူးလှမိုးသည် လူမိုက်ဆင်ပေါက်အား အရေးကြုံသည့်အခါတိုင်း ခေါ်၍ သုံးတတ်၏။ လူမိုက်ဆင်ပေါက်သည် လက်ရုံးအားကိုးသော ပညာမဲ့တစ်ယောက်ဟု အပြင်ပန်းအားဖြင့် သတ်မှတ်နိုင်သော်လည်း အရေးကြုံလာလျှင် အားကိုးရသူ ဖြစ်၏။

ဆင်ပေါက်သည် ကျွန်းပေါ်၌ အပ်ကျတာကအစ မသိမရှိဟု ပြောနိုင်၏။ သူသည် ကျွန်းပေါ်ရှိ လူဆိုးလူမိုက်များကအစ အချမ်းသာကြွယ်ဝဆုံးလူအထိ အပေါင်းအသင်းဆန့်၏။

ဆင်ပေါက်သည် အောက်တန်းစားများ ကျက်စားတတ်သော အရပ်ဒေသ၌ လှည့်လည်သွားလာနေတတ်ပြီး ထူးခြားသော သတင်းများကို အရယူတတ်၏။

ထောင်မှူးလှမိုး လာဘ်ငွေရရှိအောင် ကျွန်းပေါ်ရှိ စီးပွားရေးသမားများ၏ လျှို့ဝှက်ချက်ကို ရှာဖွေလေသူလည်းဖြစ်၏။

ထောင်မှူးလှမိုးသည် ဆင်ပေါက်၏ ကျေးဇူးကြောင့် စီးပွားရေးသမားများထံမှ လာဘ်ငွေ မြိုးမြိုးမြက်မြက် ရဖူး၏။

ထို့ကြောင့် ဆင်ပေါက်ကို လက်မလွှတ်ဘဲ အရေးကြုံသည့် အခါတိုင်း ခေါ်၍ သုံးလေ၏။ ဆင်ပေါက်သည် ထောင်မှူးလှမိုးနှင့် လမ်းခွဲခဲ့ပြီးနောက် ကိုမင်းခေါင်ဆိုသူ၏ နာမည်ကို မိမိ ကြားပင်မကြားဘူးကြောင်း တွေးမိ၏။

ထို့ကြောင့် မြို့တစ်နေရာရှိ သုံးထပ်တိုက်ကြီးတစ်လုံး၏ လှေကားထစ်အတိုင်း တက်သွားလေ၏။ သုံးထပ်တိုက်၏ အပေါ်ဆုံးထပ်သို့ ရောက်သောအခါ ခေါင်မိုးပေါ်သို့ တစ်ဆင့်တက်ရ၏။

ခေါင်းမိုးပေါ်၌ မှန်အိမ်ကလေးများကို ခပ်မှိန်မှိန် ထွန်းထားပြီး မွှေးပျံ့သောရနံ့များ ရရှိနေလေ၏။

ခဏကြာလျှင် မှန်အိမ်များ၏ အလင်းရောင်ကို ဆာရီဝတ် ကုလားမလေးတစ်ယောက်က လိုက်၍ မြှင့်တင်လေ၏။

မှန်အိမ်၏ အလင်းရောင်ဖြင့် တိုက်ခေါင်မိုး တစ်ဖက်စွန်းရှိ ခုံတန်းလျှားပေါ်တွင် ချောမောလှပသော မဂိုကုလားမလေးများကို တွေ့ရှိရလေ၏။

ထိုမိန်းကလေးများသည် အက်ဒမန်ကျွန်း၏ ကြေးကြီးသော အပျော်မယ်ကလေးများ ဖြစ်၏။ ဆင်ပေါက်သည် ဆာရီဝတ် ကုလားမလေးအား တီးတိုးပြောလိုက်ရာ ကုလားမလေးက

"အစ်မမာယာ ပင်ပန်းလို့ အနားယူနေပါတယ်၊ ဒီနေ့သူ ဧည့်သည်တွေ များတယ်"

ဟု ပြောလိုက်ရာ ဆင်ပေါက်က လက်ကာပြ၍

"ငါက သူ့ညှော်သည် မဟုတ်ပါဘူး ၊ အရင်းနှီးဆုံး မိတ်ဆွေပါ "

ဟု ပြောလေ၏ ။

ကုလားမလေးသည် ဆင်ပေါက်ရှေ့က ထွက်သွားပြီး ခဏကြာလျှင် ပြန်ရောက်လာကာ ဆင်ပေါက်အား အခန်းငယ်လေးတစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏ ။

ထိုအခန်းထဲ၌ လွန်စွာလှပသော ကုလားမလေးတစ်ဦးသည် နို့တစ်ခွက်ကို ဇိမ်ဆွဲသောက်ရင်း ဆင်ပေါက်ကို စောင့်ကြိုနေလေ၏ ။

ဆင်ပေါက်သည် အခန်းထဲသို့ ရောက်သောအခါ ကုလားမလေးကို ဖက်၍ နမ်းရှုံ့လိုက်ပြီး

"ငါတို့ မတွေ့တာ ကြာပြီ"

ဟု တီးတိုးပြောလိုက်ရာ ကုလားမလေးက ဆင်ပေါက်ကို ပြန်လည်ပွေ့ဖက်၍

"ရှင့်ကို ကျွန်မမျှော်နေတာအမြဲ၊ ရှင်ဘာလို့ ကျွန်မဆီကို ရောက်မလာတာလဲ"

ဟု ပြောလေရာ ဆင်ပေါက်က သက်ပြင်းချ၍

"ငါလည်း အက်ဒမန်ကျွန်းတစ်ခုလုံးလှည့်ပြီး လူမိုက်လုပ်နေရတာ နဲ့ မင်းဆီကိုမရောက် အားတာပါ၊ အခုလည်း အလွန်အရေးကြီးတဲ့ ကိစ္စတစ်ခုကြောင့် မင်းဆီရောက်လာရတယ်၊ ရှေး ဟောင်းသုတေသနပညာရှင် ကိုမင်းခေါင်ဆိုတဲ့ လူအကြောင်းကို ငါသိချင်တယ်"

ဟုပြောလေ၏ ။

မဂိုကုလားမလေးက စားပွဲပေါ်ရှိ အရက်ပုလင်းထဲမှ အရက်အနည်းငယ်ကိုငှဲ့၍ ဆင်ပေါက် သောက်ရန်ငှဲ့ပေးလိုက်ပြီး

"ရှင်သိချင်တဲ့လူက အက်ဒမန်ကျွန်းမှာ အလှျို့ဝှက်ဆုံးလူပဲ၊ သူဟာလွန်ခဲ့တဲ့သုံးလ လောက်ကအက်ဒမန်ကျွန်းကို မထင်မရှားရောက်လာတယ်၊ ဈေးအကြီးဆုံးဟိုတယ်မှာ လှျို့လှျို့ ဝှက်ဝှက်တည်းပြီး ရုပ်ပြောင်းရုပ်လွှဲ အမျိုးမျိုးပြုလုပ်ပြီး မြို့ထဲကို လှည့်လည်လေ့ရှိတယ်၊ ဒီအ ကြောင်းတွေကို ကျွန်မကလွဲလို့ ဘယ်သူမှသါမှာမဟုတ်ဘူး"

ဟုပြောလိုက်ရာ ဆင်ပေါက်သည် မဂိုကုလားမလေးထံမှ ကြားလိုက်ရသောသတင်း ကြောင့်မျက်လုံးများ ဝင်းလက်သွားပြီး

"သိပ်ကောင်းတဲ့သတင်းပဲ၊ သူဟာရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး မြို့ထဲကို လှည့်လည်တတ်တယ် ဟုတ်လား၊ သူဘယ်ကိုသွားသလဲ မင်းသိသလား"

ဟုမေးမြန်းလေ၏။ မဂိုကုလားမလေးက ခေါင်းခါယမ်း၍

"ဒါကိုတော့ ကျွန်မမသိဘူး၊ ကိုမင်းခေါင်ဆိုတဲ့လူ ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး မြို့ထဲကိုထွက် တာကတော့ သေချာတယ်၊ ဘာကြောင့်လဲဆိုတော့ သူဟာရှိုင်ရယ်ဟိုတယ်ရဲ့ အပေါ်ဆုံးထပ်မှာရှိ တဲ့ချောင်အကျဆုံး အခန်းမှာတည်းတယ်၊ သူ့အခန်းကို အဓိကတာဝန်ယူရတဲ့ ကောင်လေးက ကျွန်မကို အစွဲကြီးစွဲနေတဲ့ ဖောက်သည်တစ်ယောက်ပဲ"

ဟု တီးတိုးပြောလေ၏။

ဆင်ပေါက်သည် မဂိုကုလားမလေးထံမှ သည်ထက်ပို၍ ထူးခြားသောသတင်းမရနိုင်ဟု ယူဆသဖြင့်

"မင်းကို သိပ်ကျေးဇူးတင်တယ်၊ ငါသွားတော့မယ်"

ဟု နှုတ်ဆက်ကာ အခန်းထဲမှ ပြန်ထွက်ရန် ပြင်လိုက်၏။

ထိုအခါ မဂိုကုလားမလေးက ဆင်ပေါက်၏ သန်မာ ထွားကြိုင်းသော ကိုယ်ခန္ဓာကြီးကိုပွေ့ ဖက်၍

“ဒီညတော့ မာယာနဲ့ နေပါဦးရှင်၊ အက်ဒမန်ကျွန်းမှာ ဘယ်ယောက်ျားမှ ရှင့်လောက်သန်မာ ထွားကြိုင်းမှုမရှိဘူး”

ဟု တီးတိုးပြောလိုက်ရာ ဆင်ပေါက်သည် မဂိုကုလားမလေး၏ စွင့်ကားသောတင်ကို မျက် လုံးဝေ့ကြည့်၍ ခေါင်းခါယမ်းကာ

“ဒီညတော့ အချိန်မရလို့ပါ၊ နောက်တစ်ခေါက်လာပါဦးမယ်၊ သွားတော့မယ် မာယာ”

ဟု ပြောကာ သုံးထပ်တိုက် အဆောက်အုံပေါ်မှ အလျှင်အမြန်ဆင်းခဲ့လေ၏။

မိန်းမလှလေးမာယာသည် မကျေမချမ်းဖြစ်ပြီး ကျန်ရစ်ခဲ့လေ၏။

ဆင်ပေါက်သည် ကိုယ်ခန္ဓာ ထွားကြိုင်းသန်မာသော အားကောင်းမောင်းသန် ယောကျ်ား ကြီးတစ်ယောက်ဖြစ်သော်လည်း မိန်းကလေးများကို စွဲမက်တတ်သူမဟုတ်ဘဲ ယောကျ်ားချင်းနှစ် သက်တတ်သော မိန်းမလျှာတစ်ယောက်ပင်ဖြစ်၏။

လွန်ခဲ့သော နှစ်အနည်းငယ်က မဂိုကုလားမလေးမာယာ၏ မှတ်တမ်းစာအုပ်ထည့်ထား သောသေသတ္တာကလေးကို မြာသမားလူပွေလူရှုပ်တစ်ဦးက ခိုးယူသွား၏။

ထိုမှတ်တမ်းစာအုပ် ထည့်ထားသော သေတ္တာကလေးမှာ လှပလွန်းသဖြင့် ထိုလူရှုပ်က တန်ဖိုးရှိသည်ဟု ယူဆကာ ခိုးယူခဲ့ခြင်းဖြစ်၏။

ဆင်ပေါက်သည် မြာသမားလူရှုပ်ထံမှ သေတ္တာကလေးကို လုယက်ယူငင်ပြီး သေတ္တာကို လုယက်ယူငင်ပြီး သေတ္တာကိုဖွင့်ကြည့်ရာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော မှတ်တမ်းစာ အုပ်တစ်အုပ်သာ တွေ့ရသဖြင့် အမိပ္ပယ်နားမလည်ဘဲ မာယာထံသို့ပြန်ပို့ပေးခဲ့၏။

မာယာသည် သူ၏ မှတ်စုစာအုပ်ကလေး ပြန်ရသွားသောအခါ ဆင်ပေါက်ကို အလွန်ကျေး ဇူးတင်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်လို ရေးထားသော မှတ်စုစာအုပ်ထဲတွင် သူမနှင့်တိတ် တိတ်ပုန်းတွေ့ဆုံခဲ့သော ဂုဏ်သရေရှိလူကြီးလူကောင်းများ၏ ထိပ်တန်းလျှို့ဝှက်စာရင်းများ ပါရှိသောကြောင့်ပင်ဖြစ်၏။

ဤစာအုပ်ပျောက်ဆုံးသွားပါက အက်ဒမန်ကျွန်း၏ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ထိတ်လန့်တုန်လှုပ်သွားနိုင်၏။

မာယာသည် ဆင်ပေါက်အား ကျေးဇူးရှင်ကဲ့သို့ မှတ်ယူကာ သူမကျေးဇူးဆပ်နိုင်သမျှ ရက်ရက်ရောရော ကျေးဇူးဆပ်လေ၏။ ထိုအချိန်မှစ၍ ဆင်ပေါက်နှင့်မာယာသည် ရင်းနှီးသောမိတ် ဆွေရင်းများဖြစ်ခဲ့၏။

ဆင်ပေါက်သည် မာယာနှင့်ပတ်သက်၍ အလွန်အံ့သြဖွယ်ကောင်းသော အချက်တစ်ချက် ကိုသတိပြုမိ၏။ ထိုအချက်မှာ မာယာသည် အိမ်ခန်းကျဉ်းကလေး၌ နေထိုင်စေကာမူ အက်ဒမန်ကျွန်းတစ်ခုလုံး၏ လျှို့ဝှက်ချက်မျိုးစုံကို သါမြင်နေလေ၏။

မာယာတို့နေထိုင်သော သုံးထပ်တိုက်ကြီးကို အလှာစုံမှ လူပေါင်းစုံ ဝင်ထွက်သွားလာ ကြ၏။

မာယာသည် စူးစမ်းလေ့လာတတ်သော အကျင့်စရိုက်ရှိသူပီပီ အက်ဒမန်ကျွန်း၏ လျှို့ဝှက် ချက်များကိုရှာဖွေ စုံသမ်းလေ့ရှိ၏။

ထို့ကြောင့်ပင် ပျော်တော်ဆက်ကလေး မာယာအား အက်ဒမန်ကျွန်း၏ နားမျက်စိဟု တင်စားပြောဆိုနိုင်၏။

မိမိကဲ့သို့ ကျွန်းသူလူပေါင်းစုံနှင့် ပေါင်းသင်းပြီး

အတွေ့အကြုံမျိုးစုံသူထက်ပင် မာယာက အက်ဒမနက္ကျွန်းဗဟုသုတ ပိုမိုစုံလင်ကြောင်းတွေ့ရ၏။

မာယာသည် အက်ဒမန်ကျွန်း၏ လူဦးရေအတိအကျကို လူဝင်မှုကြီးကြပ်ရေးအရာရှိများ ထက်ပိုမိုပြောဆိုနိုင်၏။

စီလူလာထောင်ရှိ ထောင်သားအရေအတွက်နှင့် ထောင်မှူးအားလုံး၏ နောက်ကြောင်းရာဇ ဝင်ကိုလည်းအလွတ်ရွတ်ဆိုနိုင်၏။

ဆင်ပေါက်သည် ပျော်တော်ဆက်မလေးထံမှ ပြန်လာပြီး နောက် ထောင်မှူးလှမိုးအား ညတွင်းချင်း ဖုန်းဆက်လိုက်၏။

ထိုအချိန်တွင် ထောင်မှူးလှမိုးသည် ချောမောလှပသော အပျိုကြီးအမည်ခံ မိန်းမတစ်ယောက်နှင့် အချစ်ပလူးနေ၏။

ထောင်မှူးလှမိုးသည် တဏှာဂုရမ္မက်ကြီးလှသော အပျိုကြီးအား ခုတင်ပေါ်မှ ကန်ချလိုက်ပြီး ဖုန်းကို ကမန်းကတန်း ကောက်ကိုင်ကာ

"မင်း တော်တယ် ဆင်ပေါက်၊ ဒီနေ့ကစပြီး မင်းကို ငါ အလုပ်တစ်ခု ခိုင်းတော့မယ်၊ အဲဒီ အလုပ်ကတော့ ကိုမင်းခေါင်ဆိုတဲ့ လူကို စောင့်ကြည့်ဖို့ပဲ၊ သူ့ရဲ့ လှုပ်ရှားမှုအားလုံးကို ငါ သိချင်တယ်၊ ဒီအတွက် မင်းကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မယ်"

ဟု ပြောလိုက်လေ၏။

ဆင်ပေါက်သည် ထောင်မှူးလှမိုးထံမှ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဟူသော စကားကိုကြားသည်နှင့် စိတ်အားတက်ကြွသွားပြီး

"စိတ်ချပါ ဆရာ၊ ဒီလူ အတောင်ပေါက်သွားရင်တောင် ကျွန်တော့်လက်က မလွတ်စေရပါဘူး"

ဟု ကတိပြုလိုက်လေ၏။

ဆင်ပေါက်သည် ထိုအချိန်မှစ၍ ကိုမင်းခေါင်ဆိုသူ၏ လှုပ်ရှားမှုများကို ထောင်မှူးလှမိုးအား အစီရင်ခံရန် ကြံစည်ရလေတော့၏ ။

* *